# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


**အနှစ်ရှိသောတရား မရနိုင်**

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံရှိကြကုန်ရကား အနှစ်ရှိသော တရားကို မရနိုင်ကြကုန်။ ယမကဝဂ်(ဓမ္မပဒ-၁၁)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီပူဇော်ခံမည်

ညောင်ရွှေ စက်တင်ဘာ ၂၂

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၁၅ ရက်)မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (နိုဝင်ဘာ ၁ ရက်)အထိ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ လှည့်လည်ကြွချီပူဇော်ခံမည်ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၁၅ ရက်) နံနက်ပိုင်းတွင် အင်းလေးဒေသ နမ့်ဟူးရွာရှိ ရတနာစံကျောင်းတော်ကြီးတွင် ဒေသစာရီ စတင်လှည့်လည်ကြွချီပူဇော်ခံပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ ညောင်ရွှေမြို့သို့ သီတင်းကျွတ်လဆန်း ၇ ရက် (အောက်တိုဘာ ၂၁ ရက်) တွင် ရောက်ရှိ၍ သီတင်းကျွတ်လဆန်း ၉ ရက် (အောက်တိုဘာ ၂၃ ရက်)အထိ ပူဇော်ခံမည်ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့



နေပြည်တော် စက်တင်ဘာ ၂၂

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ MV Royal Venus ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာလိုင်စင်ရ ကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သော

*စာမျက်နှာ ၃ ကော်လံ ၁* ❖


ယနေ့ *ဖတ် စ ရာ*

**၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**
ပြည်တွင်းသတင်း | စာ ၃

**မြန်မာ့သမိုင်းထဲမှ ထူးချွန်ထက်မြက်သော သံကြီးတမန်ကြီးများ**
ဆောင်းပါး | စာ ၁၀

**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပုလဲရတုမှသည် အနာဂတ်ဆီသို့ ...**
ဆောင်းပါး | စာ ၁၆




## မူးယစ်ဆေးနှင့် စိတ်ပြောင်းဆေးများ လူငယ်တို့၏ ပတ်ဝန်းကျင်မှဖယ်ရှား

မူးယစ်ဆေးဝါးပြဿနာက မိမိတို့နိုင်ငံတွင်ရော တစ်ကမ္ဘာလုံးတွင်ပါ ရင်ဆိုင်နေကြရသည့် ပြဿနာဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုတွင် အမေရိကန်စစ်သားများ ခိုးသွင်းလာသည့် ဓာတုဆေးခြောက်များ သိမ်းဆည်းရမိမှုနှင့် ထိုင်းနိုင်ငံတွင် ဆေးခြောက်ကို တရားဝင်သုံးစွဲခွင့်ပြုလိုက်သည့်အပေါ် ဝေဖန်မှုများ ထွက်ပေါ်လာသည့် သတင်းများကို တွေ့ရှိရသည်။ မိမိတို့နိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို မြို့ပြများတွင်သာမက ကျေးလက်ဒေသများတွင်ပါ တွေ့ရှိနေရသည်ဟု ဆိုသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် လူငယ်၊ လူရွယ်များအတွင်း အများဆုံးဖြစ်ပေါ်နေသည့် အလေ့အထဖြစ်ပြီး အသစ်အဆန်းကို စူးစမ်းလိုသော လူငယ်များအကြား မူးယစ်ဆေးဝါးအသစ်အဆန်းများဖြင့် ဆွဲဆောင်လာကြသည်။ လူငယ် လူရွယ်များ အများစု သွားရောက်ကြသည့် ဘားများ၊ နိုက်ကလပ်များ၊ KTV များ စသည့် နေရာများတွင် K ခေါ် ကတ်တမင်း၊ E ခေါ် အက်စ်တာဆီ၊ ICE ခေါ် မက်သာဖက်တမင်း၊ Happy Water ခေါ် ကတ်တမင်း၊ အမ်ဖက်တမင်း၊ ကဖိန်း၊ အက်စ်တာဆီ၊ ဒိုင်ယာဇီပင်၊ ထရာမဒေါတို့ ရောနှောထားသည့် မူးယစ်ဆေးတို့ကို အလွယ်တကူ ရရှိနိုင်ကြောင်း၊ မူးယစ်ဆေးများ သုံးစွဲခြင်းဖြင့် စိတ်ကူးယဉ်အာရုံများ ခံစားနိုင်ကြသလို ညလုံးပေါက် ကခုန်နိုင်ကြကြောင်း စသည်တို့အပြင် ဆေးလွန်ခြင်းကြောင့် ဆေးရုံသို့ပို့ကာ ခက်ခက်ခဲခဲ အသက်ကယ်ကြရခြင်း၊ တစ်သက်တာလူစဉ်မမီသည့်ဘဝ ကျရောက်သွားရခြင်း၊ သေဆုံးသွားရခြင်း စသည်တို့ကိုလည်း ကြားသိနေရသည်။

မူးယစ်ဆေးဝါးတို့၏သဘာဝမှာ စိတ်ကိုစွဲလမ်းစေတတ်ခြင်းပင်ဖြစ်ပြီး ရံဖန်ရံခါ သုံးစွဲမှုမှသည် မကြာခဏ၊ ထိုမှတစ်ဆင့်တက်၍ နေ့စဉ်ဆက်တိုက်သုံးစွဲလာတတ်သည်။ ဆေးသုံးစွဲမှုမှ ခဏတာရရှိသော စိတ်ပိုင်းဆိုင်ရာ ခံစားမှုအပေါ် စွဲလမ်းရာမှ မသုံးစွဲရလျှင် မနေနိုင်သည့် အခြေအနေဖြစ်ပေါ်လာသည်။ စိတ်ကျန်းမာရေးအပေါ်တွင်ရော ကိုယ်ခန္ဓာကျန်းမာရေးအပေါ်တွင်ပါ မူးယစ်ဆေးဝါးကြောင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာသည်။ လူငယ်လူရွယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများမှာ လူမှုဆက်ဆံမှုများမှ အများဆုံးဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကို ခေတ်မီသူတိုင်းပြုလုပ်ကြခြင်းဖြစ်သည်ဟူ၍ လွဲမှားစွာ ယူဆခြင်း၊ ရွယ်တူအပေါင်းအသင်းများအကြား ဝင်ဆံ့စေရန် အားကျမခံ ဝင်ရောက်သုံးစွဲခြင်း၊ အသစ်အဆန်းတစ်ခုအနေဖြင့် လက်တည့်စမ်းသုံးစွဲခြင်း၊ အပေါင်းအသင်းသူငယ်ချင်းများက ဆွဲဆောင်ခြင်း၊ ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးသုံးစွဲသူများ ရှိနေသည်ကို အတုမြင်အတတ်သင်ကာ သုံးစွဲခြင်းနှင့် ကိုယ်ရည်ကိုယ်သွေး ညံ့ဖျင်းခြင်းတို့သည် မူးယစ်ဆေးဝါးစွဲရခြင်း၏ အကြောင်းရင်းခံများဖြစ်သည်။


မူးယစ်ဆေးဝါး၏ တိုက်ရိုက်ဆိုးကျိုးမှာ သုံးစွဲသူ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာရေးကို ထိခိုက်စေခြင်းဖြစ်ပြီး အခြားအကျိုးဆက်များအနေဖြင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ မကောင်းသော အကျိုးဆက်များလည်း ဖြစ်ပေါ်လာနိုင်သည်။ မူးယစ်ဆေးစွဲသူ၏ မိသားစုနှင့် ပတ်ဝန်းကျင်တို့တွင် လူမှုအနိဋ္ဌာရုံများပါ ဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံအနေဖြင့်မူ အလုပ်လုပ်နိုင်သော လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးရခြင်းဖြစ်သည့်အပြင် ကုသမှုပေးရသဖြင့် ဝန်ထုပ်ဝန်ပိုးများပါ ဖြစ်ပေါ်လာရသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်စပ်လျဉ်း၍ လူငယ်များ၏ လူမှုရေးပြဿနာ၊ ကျန်းမာရေးပြဿနာ၊ ကိုယ်ရည်ကိုယ်သွေးပြဿနာ စသည်ဖြင့် အမျိုးမျိုး ရှုမြင်ကြသော်လည်း အဓိကအားဖြင့် မူးယစ်ဆေးဝါးများကို လူငယ်များ၏ ပတ်ဝန်းကျင်များမှ ရှင်းလင်းဖယ်ရှားရန်နှင့် လူငယ်များအား အသိပညာပေးမှုများ မြှင့်တင်ရန် အရေးကြီးသည်။

နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှုထောင့်မှကြည့်ပါက မူးယစ်ဆေးဝါး ထုတ်လုပ်ကုန်သွယ်မှုသည် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းအချို့တို့၏ ပင်မဝင်ငွေလမ်းကြောင်းဖြစ်နေပြီး မူးယစ်ဂိုဏ်းများ၏ အဓိကစီးပွားရေးပင်ဖြစ်ရာ တားဆီးနှိမ်နင်းမှုများကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်နေရမည်သာဖြစ်သည်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် တရားဥပဒေနည်းလမ်းသာမက ဘက်ပေါင်းစုံမှ ချဉ်းကပ်မှုနည်းလမ်းများဖြင့်ပါ ဆောင်ရွက်နေခြင်းဖြစ်ရာ မိမိတို့၏ သား၊ သမီးများ၏ ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးကင်းစင်ရေး၊ လူငယ် လူရွယ်များကိုယ်တိုင် အသိတရားဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ရှောင်ရှားရေးတို့ကို ပြည်သူတစ်ရပ်လုံးက မိမိတို့၏ တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသွေးလှူဒါန်း

**လားရှိုး စက်တင်ဘာ ၂၂**

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး)က လားရှိုးမြို့ အမှတ်(၉) ခုတင်(၁၀၀) တပ်မတော်ဆေးရုံနှင့် လားရှိုးပြည်သူ့ဆေးရုံကြီးတို့တွင် ယနေ့ နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီး လှမင်း၊ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးတို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို ဖြည့်စွက်စာများ ပေးအပ်ပြီး အမှတ်(၉) ခုတင်(၁၀၀) တပ်မတော်ဆေးရုံအတွက် အလှူငွေကျပ် ငါးသိန်း၊ လားရှိုးပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

## ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့၌ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ၊ မော်တော်ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်တို့ကို လုံခြုံမှုအပြည့်အဝရရှိစေရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူလူထု၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရန်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူလူထုများ သက်သာချောင်ချိစွာဖြင့် အခြေခံစားကုန်များ ဝယ်ယူစားသုံးနိုင်ရေးအတွက် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက ပြင်ပပေါက်ဈေးထက် သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးခဲ့ရာ (ဝဲပုံ) စားရေးကို အထောက်အကူဖြစ်စေခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ကြာအင်းဆိပ်ကြီးမြို့၊ သံဖြူဇရပ်မြို့နှင့် ကော့ကရိတ်မြို့တို့မှ ဘုရားသုံးဆူမြို့သို့ ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းများ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များမှာလည်း ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကမာရွတ်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့က ဖတ်ကြားအတည်ပြုချက်ရယူ၍ တိုင်းဒေသကြီး ဖွဲ့စည်းရေးကော်မတီမှ အဖွဲ့ဝင် ခုနစ်ဦး၊အသင်းစာရင်းစစ်အဖွဲ့ဝင်နှစ်ဦးတို့ကို ရွေးချယ်ပေးကြောင်း သိရသည်။ **အာကာလင်း**





## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Service Co., Ltd. မှ တင်သွင်းလာသော BAIC BEIJING EU5 Plus အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar ArrThit Man Motor Co., Ltd. မှ တင်သွင်းလာသော AIMA အမျိုးအစား လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့လည်းကောင်း၊ Premier Automotive Ltd. မှ တင်သွင်းလာသော Geely Geometry C အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့လည်းကောင်း ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံး မော်တော်ယာဉ်နှင့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုဘဲ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(က) ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ရရှိသည့်နိုင်ငံခြားငွေအမျိုးအစားဖြင့် တစ်ဆယ်ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေ နိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကို ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်-

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီတွက်ချက်၍ စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ နှစ်ရာခိုင်နှုန်းဖြင့် တွက်ချက်၍ စည်းကြပ်ခြင်း။

(ဂ) ဤပုဒ်မအရတွက်ချက်ရရှိသည့်အခွန်မှ တွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင်ပေးဆောင်ခဲ့ရသည့်အခွန်ကို ခုနှိမ်ပေးရမည်။"

၄။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၃၁ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနခန်းမ၌ ကျင်းပပြုလုပ်သည်။



တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး (၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် စဝ်အုမ်ခေး၊ ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်နှင့် စဝ်စိုင်းလျန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့ ဆွေးနွေးပွဲ၌ မပြီးသတ်သေးသည့်ကိစ္စရပ်များ၊ ငြိမ်းချမ်းရေး ညီလာခံကျင်းပရေးကိစ္စနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် ၂ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ အတွင်းရေးမှူး (၁) စဝ်စိုင်းငင်းတို့က နိဂုံးချုပ်အမှာစကားများ ပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရွှေဖုံးမှ*

သီတင်းကျွတ်လပြည့်ကျော် ၃ ရက်(နိုဝင်ဘာ ၁ ရက်)တွင် နမ့်ဟူးရွာရှိ ရတနာ့စံကျောင်းတော်သို့ ပြန်လည်ကိန်းဝပ်စံပယ်ပူဇော်ခံမည်ဖြစ်ပြီး ရတနာ့စံကျောင်းတော်ဝင်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

ညောင်ရွှေမြို့သို့ ကြွချီပူဇော်ခံမည့် အောက်တိုဘာ ၂၁ ရက်နှင့် ရတနာ့စံကျောင်းတော်သို့ ပြန်လည်ကိန်းဝပ်စံပယ်ပူဇော်ခံမည့် နိုဝင်ဘာ ၁ ရက်နေ့များတွင် အင်းသားရိုးရာအမျိုးသား ရာကျော်လှေပြိုင်ပွဲ၊ အမျိုးသားလေးကျိပ်ခြောက်လှေပြိုင်ပွဲ၊ အမျိုးသမီးနှစ်ကျိပ်ခြောက်လှေပြိုင်ပွဲနှင့် အမျိုးသားတစ်ဦးချင်းလှေပြိုင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

❖ *ရွှေဖုံးမှ*

ကုမ္ပဏီတို့မှ ပေးပို့သည့် ၉ မီတာကွန်ကရစ်မီးတိုင် အလုံး ၇၀၀၊ ဘိလပ်မြေတန် ၁၀၀၀၊ သံချောင်း ၁၅၄၃ ဒသမ ၁၆ တန်၊ လုပ်ငန်းသုံးယာဉ်ခြောက်စီး၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်း စုစုပေါင်း တန်ချိန် ၃၂၉၃ ဒသမ ၃၁ တန်တင်ဆောင်၍ ယမန်နေ့ ညပိုင်းကလည်းကောင်း၊ MV Charity ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံတို့မှ ပေးပို့သည့် ဆန်၂၄ ပြည်အိတ် ၄၂၁၁၉ အိတ်၊ သံချောင်း ၆၃၃ ဒသမ ၀၁ တန်၊ လုပ်ငန်းသုံးယာဉ်ခြောက်စီးနှင့် မီးစက်တစ်လုံး စုစုပေါင်းတန်ချိန် ၂၇၆၉ ဒသမ ၅၁ တန် တင်ဆောင်၍ ယနေ့နံနက်ပိုင်းကလည်းကောင်း The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော် စစ်ရေယာဉ်များ အပါအဝင် ရေယာဉ် ၃၆ စီးဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၅၀၃၃၂ ဒသမ ၉၃ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ (ဒုတိယ)အကြိမ် စုပေါင်းသွေးလှူ

**နေပြည်တော် စက်တင်ဘာ ၂၂**

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် ၁၀ ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၂၄ ဦး စုစုပေါင်း ၃၄ ဦးတို့သည် ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ စပ်စံထွန်းဆေးရုံကြီး၌ (ဒုတိယ) အကြိမ် စုပေါင်းသွေးလှူဒါန်းကြသည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး (ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး) ရဲမှူးချုပ် တင်ကိုကို ဦးဆောင်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးတို့ တက်ရောက်အားပေးခဲ့ပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။ ယင်းနောက် (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အတွက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့က အလှူငွေကျပ် ၁၀ သိန်း၊ ရဲမှူးချုပ် တင်ကိုကိုနှင့်ဇနီး မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီးဒေါက်တာဝင်းမော်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

## မြန်မာနိုင်ငံမှ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်



နေပြည်တော် စက်တင်ဘာ ၂၂

**(၁၆) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (16th ASEAN Ministers’ Responsible for Information and its related Meetings)(16th AMRI) ကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ Furama Resort Danang ၌ ယနေ့ နံနက် ၉ နာရီတွင် စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ (ယာပုံ)**

ရှေးဦးစွာ အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပရာ အခမ်းအနားကို အာဆီယံအထိမ်းအမှတ်သီချင်းဖြင့် စတင်ဖွင့်ပြီး ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Nguyen Manh Hung၊ ဒါနန်းမြို့အကြီးအကဲ၊ ပါတီဗဟိုကော်မတီဝင် ဒုတိယသမ္မတ Mdm.Vo Thi Anh Xuan တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ဗီဒီယိုမှတ်တမ်းနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြော**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် (၁၆) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးဖြစ်သည့် ထိုင်းနိုင်ငံက နှုတ်ဆက်စကားပြောကြားပြီး အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်နိုင်ငံမှ ဝန်ကြီး H.E. Nguyen Manh Hung က အဖွင့်အမှာစကားပြောကြား၍ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးနှင့် အမှတ် (၂) ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Pehin Dato Halbi Yussof၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Neth Pheaktra၊ အင်ဒိုနီးရှားနိုင်ငံ MCI RI မှ အထွေထွေအတွင်းရေးမှူး Ms. Mira Tayyiba၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Phosy Keomanivong၊ မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဝန်ကြီးဌာန ဝန်ကြီး YB Ahmad Fahmi Fadzil၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဖိလစ်ပိုင် ပြန်ကြားရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr. Jose A. Torres, Jr. ၊ စင်ကာပူနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအတွင်းရေးမှူး Mr. Poon Hong Yuen ၊ ထိုင်းနိုင်ငံ တွဲဖက်ဝန်ကြီးချုပ်ရုံးဝန်ကြီး Mrs. PUA-NGPET CHUNLAIAD ၊ အိမ်ရှင်ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H.E. Nguyen Thanh Lam ၊ လေ့လာသူ တီမောလက်စ်တေနိုင်ငံ ပြည်ထောင်စုဝန်ကြီးများကောင်စီဥက္ကဋ္ဌဝန်ကြီး Dr. Expedito Loro Dias Ximenes၊ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်မှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Ekkaphab Phanthavong တို့ ပါဝင်တက်ရောက်ကြသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ ဗီယက်နမ်နိုင်ငံက ယခုနှစ်ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် “မီဒီယာ-ခံနိုင်ရည်ရှိပြီး တုံ့ပြန်နိုင်စွမ်းအားကောင်းသော အာဆီယံအတွက် သတင်းအချက်အလက်မှသည် အသိပညာဆီသို့” “Media: From Information to Knowledge for a Resilient and Responsive ASEAN” ကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး အဆိုပါ Theme နှင့် ပတ်သက်၍ ဒေသတွင်း ပြန်ကြားရေးဝန်ကြီးများနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများက ၎င်းတို့၏ ဆန္ဒသဘောထားများကို တင်ပြဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာ ယခုနှစ်ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (AMRI) ၏ ဆောင်ပုဒ်အဖြစ် “မီဒီယာ-ခံနိုင်ရည်ရှိပြီး တုံ့ပြန်နိုင်စွမ်းအားကောင်းသော အာဆီယံအတွက် သတင်း အချက်အလက်မှသည် အသိပညာဆီသို့” “Media: From Information to Knowledge for a Resilient and Responsive ASEAN” ဟု အိမ်ရှင်ဗီယက်နမ်မှ ရွေးချယ်ခဲ့မှုအပေါ် မြန်မာနိုင်ငံအနေနှင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံ၏ဆောင်ပုဒ်ဖြစ်သည့် “One Vision, One Identity, One Community” ကဲ့သို့ပင် အဆိုပါဆောင်ပုဒ်နှင့် ပတ်သက်ပြီး မိမိတို့အားလုံး အလားတူ အမြင်ရှိကြမည်ဟုလည်း ထင်မြင်မိပါကြောင်း။

ယခုအစည်းအဝေးတက်ရောက်ခွင့်ရသည့် အခွင့်အရေးကို အသုံးချပြီး မြန်မာနိုင်ငံ၏ လတ်တလောဆောင်ရွက်နေမှုများကို မျှဝေပေးလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကို အခြားနိုင်ငံများနည်းတူ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အစီအမံများဆိုင်ရာ ထုတ်ပြန်ချက်များနှင့် ကျန်းမာရေးအသိပညာပေး လမ်းညွှန်ချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် မိတ်ဆွေနိုင်ငံများနှင့် အာဆီယံနိုင်ငံများမှ ကာကွယ်ဆေးများ ရက်ရောစွာ လှူဒါန်းမှုများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

**ကျေးဇူးတင်ရှိ**

ဆက်လက်အသိပေးလိုသည်မှာ မေလ ၁၄ ရက်က မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များသို့ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၁၃၅ မိုင်နှင့် ဝင်ရောက် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းကော်မတီ (၁၂) ရပ်နှင့်အတူ ဆိုင်ကလုန်းမုန်တိုင်းကာလ အတွင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများအားလုံးကို လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသည့် မိတ်ဆွေနိုင်ငံများနှင့် အာဆီယံမိတ်ဆွေများ၏ ရက်ရောစွာ ပံ့ပိုးကူညီမှုများကိုလည်း မြန်မာနိုင်ငံအနေနှင့် ကျေးဇူးတင်ရှိပါကြောင်း။

ယခင်ကနှင့် နှိုင်းယှဉ်ကြည့်ပါက ယနေ့ အချိန်အခါတွင် အင်တာနက် အသုံးပြုမှုကြောင့် မီဒီယာစီးဆင်းမှုသည် မယုံနိုင်လောက်အောင် မြန်ဆန်လာပါကြောင်း၊ တစ်ချိန်တည်းမှာပင် နည်းပညာနှင့် ဒစ်ဂျစ်တယ် ဆန်းသစ်တီထွင်မှုများသည် မီဒီယာ အခင်းအကျင်းကို လျင်မြန်စွာ ပြောင်းလဲပုံဖော်နေကြောင်း၊ AI Algorithms သည် အလွန်လက်တွေ့ကျသည့် အတုအယောင် အကြောင်းအရာများကို ဖန်တီးနိုင်စွမ်းရှိသည်ကို တွေ့ရှိရပါကြောင်း။

ကမ္ဘာ့လူသားအားလုံးသည် ကမ္ဘာ့ရွာကြီးပေါ်တွင် တန်းတူညီတူ ရပ်တည်နေကြခြင်း ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်း၏ ခံနိုင်ရည်နှင့် တုံ့ပြန်နိုင်စွမ်းကို အားကောင်းစေပြီး နိုင်ငံသားများအကြား ယုံကြည်မှုတိုးပွားစေသည့် ဒစ်ဂျစ်တယ်မီဒီယာပတ်ဝန်းကျင်ကို တည်ဆောက်ရာတွင် အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုသည် အရေးပါသည်ဆိုသည့် အချက်ကို မြန်မာနိုင်ငံအနေနှင့် အပြည့်အဝထောက်ခံပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံ၏ “မီဒီယာ-ခံနိုင်ရည်ရှိပြီး တုံ့ပြန်နိုင်စွမ်းအားကောင်းသော အာဆီယံအတွက် သတင်းအချက်အလက်မှသည် အသိပညာဆီသို့” ဆိုသည့် အဓိပ္ပာယ်ပြည့်ဝသော ခေါင်းစဉ်ရွေးချယ်ခဲ့မှုအပေါ် အပြည့်အဝ ထောက်ခံပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံမှ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ၂၀၂၂ ခုနှစ် မေ ၁၉ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်သည့် (၁၉) ကြိမ်မြောက်နှင့် ယခုနှစ်တွင် ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ ရရှိခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်သည့် အစီရင်ခံစာများအား တင်ပြအတည်ပြုခြင်းနှင့် အာဆီယံ သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅)တိုးတက်မှုအပေါ် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး အာဆီယံ ဆွေးနွေးဖက် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်ကို စတင်ရာ SOMRI ဥက္ကဋ္ဌဖြစ်သော ဗီယက်နမ်နိုင်ငံက သတင်းအချက်အလက်နှင့် မီဒီယာမှတစ်ဆင့် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၄) ဆိုင်ရာ နောက်ဆုံးအခြေအနေများကို ယခုဆွေးနွေးပွဲတွင် အတည်ပြုဆုံးဖြတ်နိုင်ရန် ဖတ်ကြားတင်ပြပြီး ဗီယက်နမ်နိုင်ငံက ပြန်ကြားရေးကဏ္ဍနှင့် သက်ဆိုင်သည့် အာဆီယံ-COCI ၏ တိုးတက်မှုနှင့် လုပ်ဆောင်ချက်များကို အစီရင်ခံတင်ပြသည်။

**အတည်ပြုချက်ရယူ**

အစည်းအဝေး၌ AMRI ၏ ASEAN 2030 မှ မျှော်မှန်းချက်၊ ထုတ်ပြန်ချက်၊ ဒါနန်းကြေညာချက်၊ သတင်းအတု၊ သတင်းမှားတိုက်ဖျက်ရေးဆိုင်ရာ လမ်းညွှန်ချက်(TBC)၊ သတင်းတုများဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့(TFFN)၏ လုပ်ငန်းအစီအစဉ်များ၊ အာဆီယံ-တရုတ် သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၄) သက်တမ်းတိုးခြင်း၊ အာဆီယံ+၃ သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၃) သက်တမ်းတိုးခြင်း၊ (၁၆)ကြိမ်မြောက် AMRI နှင့် ဆက်စပ် အစည်းအဝေးများ၏ ပူးတွဲထုတ်ပြန်ချက်များကို ဆွေးနွေးကာ အတည်ပြုချက်ရယူကြသည်။

**လက်ခံကျင်းပသွားမည်**

(၁၇)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဘရူနိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်သည်။

အဆိုပါ အခမ်းအနားသို့ အာဆီယံနှင့် မိတ်ဖက် (၃) နိုင်ငံများမှ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

*စာမျက်နှာ ၅ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နှစ်နိုင်ငံနယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် အဖွဲ့သည် ကူမင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်နှင့်အတူ ယမန်နေ့ နံနက် ၉ နာရီခွဲက ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Zhong Wei Horizon ဟိုတယ် အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန နိုင်ငံတကာ ဆက်ဆံရေးဌာန ကြီးမှူး ညွှန်ကြားရေးမှူးချုပ် Mr. Hu Xiaoming၊ ယူနန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဌာန ဒုတိယဌာနမှူး Mr. Jia Dong နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် Mr. Hu Xiaoming နှင့် ဒုတိယဌာနမှူး Mr. Jia Dong တို့က တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ်နေပြည်သူများ အပြန်အလှန် ကူးလူးဆက်ဆံသွားလာနေမှု၊ ယူနန်ပြည်နယ် ရွှေလီ-မူဆယ်ဒေသတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှု ကာလအတွင်း ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးနှင့် တရားဝင် ဝင်ထွက်သွားလာနိုင်ရေးအတွက် ယူနန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေး ဌာနနှင့် မူဆယ်ဘက်မှ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ် စီမံချက်တွင် ယူနန်ပြည်နယ်၏ အရေးပါမှု အခြေအနေ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ဝင်/ပြည်ထွက်ဆိုင်ရာ လူဝင်မှု ကြီးကြပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်အပြန်အလှန် သတင်းအချက်အလက်များ မျှဝေနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

**ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ-တရုတ် နှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ၌ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေ၊ ကိုဗစ်-၁၉ ကာလ နောက်ပိုင်း နှစ်နိုင်ငံ နယ်စပ်စစ်ဆေးရေးဂိတ်များ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် မူဆယ်- ရွှေလီဂိတ်မှ မြန်မာနှင့် တရုတ်နိုင်ငံသားများ နိုင်ငံကူးလက်မှတ် (Passport) ဖြင့် ဖြတ်သန်းသွားလာခွင့် ဆောင်ရွက်မည့် အခြေအနေ၊ မြန်မာ-တရုတ် နယ်စပ်စစ်ဆေးရေးဂိတ်များကို နှစ်နိုင်ငံပြည်သူများ စိတ်အေးချမ်းသာစွာ ကူးလူးဖြတ်သန်း၍ စီးပွားရေး၊ လူမှုရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသ လုံခြုံရေးနှင့် တရားမဝင် ဝင်ထွက်မှုမရှိစေရေး၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် အွန်လိုင်းဖြင့် လောင်းကစားမှုများ မရှိစေရေးအတွက် အလေးဂရုပြုဆောင်ရွက်နိုင်ရေးအခြေအနေ၊ မြန်မာနိုင်ငံနှင့်နယ်နိမိတ် ရှည်လျားစွာထိစပ်နေသည့် ယူနန်ပြည်နယ်နှင့် ပူးပေါင်းကာ နှစ်နိုင်ငံနယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

**သီးခြားစီတွေ့ဆုံ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒါနန်းမြို့ရှိ Furama Resort ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနဝန်ကြီး၊ Deputy Head of the Publicity Department of the CPC Central Committee ဖြစ်သူ H.E. Mr. Sun Yeli နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Nguyen Manh Hung နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံကြသည်။

တရုတ်ပြန်ကြားရေးဌာနဝန်ကြီးနှင့် တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ဘက်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို တိုးတက်မြင့်မားစေရန် ဆောင်ရွက်နေမှုများတွင် ပြန်ကြားရေးဆိုင်ရာ ကဏ္ဍပေါင်းစုံ (ရုပ်မြင်သံကြား၊ ရေဒီယို၊ ပုံနှိပ်မီဒီယာ၊ အွန်လိုင်းမီဒီယာ၊ အပြန်အလှန်လေ့လာရေး ခရီးစဉ်များ၊ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ စသည်) တွင် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပြင် ထပ်မံတိုးမြှင့်ဆောင်ရွက်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကမ်းလှမ်းထားသည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက် စီမံကိန်းများ၊ တရုတ်နိုင်ငံမှ ထောက်ပံ့မည့် ယွမ် ၄ ဘီလီယံအောက် စီမံကိန်းများ၊ မဲခေါင်-လန်ချန်း စီမံကိန်းများ၊ အာဆီယံ - တရုတ်ဗဟိုဌာနသို့ ကမ်းလှမ်းထားသည့် စီမံကိန်း၊ တရုတ်အကူအညီဖြင့် ဆောင်ရွက်ရန် ကမ်းလှမ်းထားသည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်ပေးနိုင်မည့် နိုင်ငံတကာအနုပညာဗဟိုဌာန(Art Center) စီမံကိန်းများ၊ ရှေးဟောင်းရုပ်ရှင်ရုံကို Red Carpet Theater အဖြစ် ဆောင်ရွက်မည့်စီမံကိန်း၊ လူထုအခြေပြုဗဟိုဌာန (Community Centres) စီမံကိန်းများ ကမ်းလှမ်းထားမှုအခြေအနေများကို ဆွေးနွေးကြသည်။

ဗီယက်နမ်ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေး ထိုးထားသည့် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာပါ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍဖြစ်သည့် သတင်းနှင့် သတင်းအချက်အလက် ဖလှယ်ခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ခြင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေခြင်း၊ သတင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်တန်းများဖွင့်လှစ်ခြင်း စသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး နှစ်ဖက်ညှိနှိုင်းဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲများသို့ မြန်မာနိုင်ငံဘက်မှ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ ဖိလစ်ပိုင်ပြန်ကြားရေးအော့ဖ်စ် ညွှန်ကြားရေးမှူးချုပ် H.E.Mr. Jose A.Torres, Jr. နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံသတင်းမီဒီယာနှင့် ပြန်ကြားရေးဆိုင်ရာ ကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် အိမ်ရှင် ဗီယက်နမ်နိုင်ငံက (၁၆) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (16th ASEAN Ministers' Responsible for Information and its related Meetings)သို့ တက်ရောက်လာကြသည့် ဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလင်း ကြီးကြပ်သည့် ရဲတပ်ဖွဲ့ဝင် ၃၂ ဦးက စက်တင်ဘာ ၁၈ ရက်တွင် ဆောင်ရွက်ပေးစဉ်။ ကိုဇော်(ပြန်/ဆက်)

---

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ Air-Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ပဲခူး စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး)တို့ ပူးပေါင်းဖွင့်လှစ်သည့် Air-Compressor ပြုပြင်ထိန်းသိမ်းနည်း သင်တန်း(၇/၂၀၂၃)ကို ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး) ၌ စက်တင်ဘာ ၁၈ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် Air–Compressor နှင့် ပတ်သက်သော အသိပညာများကို စာတွေ့/လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်ယူရရှိသည့် အသိပညာ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချပြီး မိမိတို့၏ လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကို သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## လပွတ္တာမြို့နယ်အတွင်း ဆောင်ရွက်နေသော လမ်းတံတားများ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**လပွတ္တာ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် အုန်းပင်စု-ရွှေပြည်သာ ကျေးရွာချင်းဆက် တံတား ချဉ်းကပ်လမ်းဆောင်ရွက်မည့် လုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်၊ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းနှင့် လပွတ္တာခရိုင် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ကြွယ်ကြွယ်ဝင်းတို့က စက်တင်ဘာ ၁၅ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဆောင်ရွက်မည့် ချဉ်းကပ်လမ်းမှာ အရှည်ပေ ၆၀၀၊ အကျယ် ပေ ၂၀၊ အမြင့် ၁၀ ပေ ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်ရှိနေသည်။ မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၁/၂၀၂၃) တက်ရောက်





နေပြည်တော် စက်တင်ဘာ ၂၂

**အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့နံနက်၁၀ နာရီက အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင် အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရှင်/ အလုပ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online မှ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးစီမံကိန်းအပေါ် အလုပ်ရှင်၊ အလုပ်သမားများအားကိုးယုံကြည်မှု ပိုမိုရရှိစေရန်နှင့် ပိုမိုကောင်းမွန်သည့် လူမှုရေးရလဒ်များ ပေါ်ထွန်းစေရန် မျှော်မှန်းကာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပါဝင်သည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ကို ဖွဲ့စည်းပြီး သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ အာမခံအလုပ်သမားများအတွက် ထိရောက်ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ အလွယ်တကူ လက်လှမ်းမီရယူနိုင်ရန်နှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ အမြန်ဆုံးပေးအပ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၂၂ မြို့နယ်ရှိ အလုပ်ဌာနများမှ လူမှုဖူလုံရေး အကျုံးဝင် အာမခံအလုပ်သမား ၁ ဒသမ ၂၅ သန်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း။

အာမခံအလုပ်သမားများအား ပိုမိုထိရောက် ကောင်းမွန်ပြီး အလွယ်တကူ လက်လှမ်းမီသည့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် နိုင်ငံတကာ၌ လူမှုကျန်းမာရေးအာမခံစနစ် (Social Health Insurance)အရဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များကို လေ့လာကာ Provider Purchaser Split (PPS) စနစ်အရ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံများနှင့် စာချုပ်ချုပ်ဆို၍ Capita-tion Payment ဖြင့် ဆေးခန်း ၂၆ ခန်း၊ Fee for Service Payment ဖြင့် ဆေးခန်း ၂၀ တို့ကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားလူနာ ၂ ဒသမ ၂၉ သန်းကျော်ကိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် လူမှုဖူလုံရေးအဖွဲ့၌ အကျုံးဝင် အာမခံအလုပ်သမား ဦးရေ၏ ၅၀ ရာနှုန်းကျော်ခန့်သည် အမျိုးသမီးအာမခံအလုပ်သမားများဖြစ်သည့်အတွက် မီးဖွားခြင်းဆိုင်ရာဝန်ဆောင်မှု အကျိုးခံစားခွင့်များကို ခွင့်ပြုပေးနိုင်ရန် ဆေးဖိုးပြန်အမ်းမှုဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆေးဖိုးကုန်ကျမှုများ ပြန်လည်ပေးအပ်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ အာမခံအမျိုးသမီးအလုပ်သမား ၁၁၃၁၄ ဦးအတွက် ငွေကျပ်သန်း ၁၂၉၅ ဒသမ ၇၇၇ သန်း ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အပြင် မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဥပဒေအရ အာမခံအလုပ်သမားများက တင်ပြလာသည့် အကျိုးခံစားခွင့် အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ ငွေကျပ်သန်း ၅၄၄၄၃ ဒသမ ၅၀၁ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၊ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များက လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ မှတ်တမ်းတင်ရန် အမှာစာများနှင့်ပတ်သက်၍ ဆွေးနွေးသုံးသပ် အကြံပြုကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများအတွက် ယခုထက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်စေရန်နှင့် လက်ရှိအကျုံးဝင်လွှမ်းခြုံမှုမှသည် တစ်မျိုးသားလုံး အကျုံးဝင်လွှမ်းခြုံနိုင်သည့် စီမံကိန်းဖြစ်စေရန် အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးသည့် လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများ ပြုလုပ်၍ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း (၂/ ၂၀၂၃) ဆင်းပွဲအခမ်းအနား တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း(၂/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က သင်တန်းသား သင်တန်းသူများသည် ဌာနလုပ်ငန်းများကို စတင်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးများ ဖြစ်ကြသည့်အတွက် ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများ၏ စာကြည့်တိုက်တာဝန်ခံ၊ စာကြည့်တိုက်မှူးများအဖြစ် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်မှူးကောင်းများ ဖြစ်လာအောင် ကြိုးစားသင်ယူကြရမည် ဖြစ်သကဲ့သို့ မိမိတို့၏ စာကြည့်တိုက်ကို ပြည်သူများ လာရောက်အသုံးပြုသည့်နေရာ၊ အသိပညာ၊ ဗဟုသုတများ ရှာမှီးရာနေရာ၊ အားကိုးယုံကြည်ရာနေရာ ဖြစ်လာအောင် တီထွင်ကြံဆလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများကို Digital Library Management System (DLMS) ဖြင့် စာစုလုပ်ငန်း၊ စာပြုလုပ်ငန်းနှင့် စာငှားလုပ်ငန်း စသည့်ပြည်သူ့စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပေးသည့် ဘာသာရပ်များသာမက ပိုမိုကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကို အမြဲလေ့လာသင်ယူ၍ လက်တွေ့လုပ်ငန်းများတွင် အကျိုးရှိရှိပြန်လည် အသုံးချပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က သင်တန်းတွင် ထူးချွန်ဆုများရရှိခဲ့ကြသည့် ပထမဆုရရှိသည့် လှိုင်လင်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဆုရည်ထွေး၊ ဒုတိယဆုရရှိသည့် သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးမိုးဝေအောင်၊ တတိယဆုရရှိသည့် ကွန်ဟိန်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ရွှန်းမျက်သွယ်နိုင်တို့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများ ကိုယ်စား သင်တန်းသား ခေါင်းဆောင်ထံ ပေးအပ်သည်။ **(ဝဲပုံ)**

ယခု လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်းကို သုံးပတ်ကြာဖွင့်လှစ်သင်ကြားပြီး သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သင်တန်းနည်းပြများက ဦးစီးဌာန၏ မူဝါဒနှင့်အခန်းကဏ္ဍ၊ ရည်မှန်းချက်တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းထိန်းသိမ်းနည်း၊ စာကြည့်တိုက်လုပ်ငန်းများ စီမံခန့်ခွဲရေး၊ Digital Library Management System (DLMS) အသုံးပြုနည်း၊ သတင်းအမှန်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေး လျင်မြန်စွာ ထုတ်ပြန်နိုင်စေရန်နှင့် မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် သတင်းအပြန်အလှန်စီးဆင်းရေး၊ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(MIL)၊ လူမှုမီဒီယာ (Social Media) သိကောင်းစရာများ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ပြည်သူ့ဆက်ဆံရေး ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# သရက်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေပေးအပ်

**သရက် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် အသင်းသားများအား ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်စိုးဥမ္မာကျော်က ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် သမဝါယမအသင်း ငါးသင်းမှ အသင်းသား အသင်းသူ ၁၆၉ ဦးအတွက် ရန်ပုံငွေကျပ် ၇၂ သန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သမဝါယမဦးစီးမှူးတို့က ပေးအပ်ရာ သမဝါယမအသင်းသား အသင်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်ရန် ချေးငွေပေးအပ်

**အထက်မင်းလှ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ရန်အတွက် ချေးငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပသည်။

ချေးငွေပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်က နိုင်ငံတော်က ချေးငွေအထောက်အပံ့များ ထုတ်ပေးသကဲ့သို့ တောင်သူများအနေဖြင့်လည်း ပေးဆပ်ရမည့်ကာလတွင် တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။ ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးဌေးက ချေးငွေစာချုပ်ပါ စည်းကမ်းချက်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစိုးသိန်းက စိုက်ပျိုးရေး လုပ်ငန်းများနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီးနောက် ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်ရန် အဖွဲ့လေးဖွဲ့မှ တောင်သူ ၃၅ ဦးအား ချေးငွေကျပ် ၄၉ ဒသမ ၆ သန်းကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၂**
၂၀၂၃ခုနှစ် စက်တင်ဘာ ၂၃ ရက်မှအောက်တိုဘာ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်မည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ အုပ်ချုပ်မှုအဖွဲ့ ခြောက်ဦး၊ ဝူရှူးအားကစားနည်းမှ ဒုတိယဥက္ကဋ္ဌနှင့် နည်းပြ တစ်ဦး၊ အမျိုးသားအားကစားသမား သုံးဦး၊ အမျိုးသမီးအားကစားသမား သုံးဦး၊ တိုက်ကွမ်ဒိုအားကစားနည်းမှ အုပ်ချုပ်/နည်းပြတစ်ဦးနှင့် အမျိုးသားအားကစားသမား တစ်ဦးတို့သည် ယနေ့ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် တရုတ်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Pan Feng၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။ **(ယာပုံ)**

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အမျိုးသားဘောလုံး/ အမျိုးသမီးဘောလုံး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ လှေလှော်၊ E-Sports ၊ မြားပစ်၊ ပိုက်ကျော်ခြင်း အားကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်က အမျိုးသားဘောလုံးအသင်း၊ စက်တင်ဘာ ၁၉ ရက်က အမျိုးသမီးဘောလုံးအသင်း၊ စက်တင်ဘာ ၂၁ ရက်က မြန်မာ E-Sports(AOV) အသင်းတို့ ထွက်ခွာသွားခဲ့ကြပြီး ဆက်လက်၍ စက်တင်ဘာ ၂၄ ရက်တွင် မြန်မာE-Sports(PUBGM) အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် မြန်မာE-Sports(Dota-2) အသင်း၊ စက်တင်ဘာ ၂၉ ရက်တွင် မြားပစ်နှင့် ပိုက်ကျော်ခြင်း အသင်း၊ အောက်တိုဘာ ၂ ရက်တွင် လှေလှော်အသင်းတို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုမရှိစေရေး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်အညီ စစ်ဆေးထိန်းကျောင်းပေးရမည်

**နေပြည်တော် စက်တင်ဘာ ၂၂**
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ အရအသုံးစာရင်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ အစီရင်ခံတင်ပြခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှု မရှိစေရေးတို့အတွက် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်အညီ စစ်ဆေးထိန်းကျောင်းပေးရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်ကောင်းမွန်သည့် စီမံခန့်ခွဲမှုဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ယမန်နေ့က ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၂/၂၀၂၃) တွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြောကြားသည်။ **(အပေါ်ပုံ)**



ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်စာရင်းစစ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးများက ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း၊ Real Time Audit နှင့် တာဝန်ပေးစစ်ဆေးခြင်းဆိုင်ရာများ၊ ဝန်ထမ်းပိုင်းနှင့် စာရင်းပိုင်းဆိုင်ရာများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ ကျန်တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးများက စစ်ဆေးရေးလုပ်ငန်းဆိုင်ရာများ၊ ဝန်ထမ်းနှင့် စာရင်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် စီမံရေးရာဦးစီးဌာန၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက စီမံရေးရာနှင့်ဝန်ထမ်းဆိုင်ရာများ၊ သင်တန်းဆိုင်ရာများနှင့် စစ်ဆေးရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က တင်ပြဆွေးနွေးမှုများ၊ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်နေ ပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ဖြန့်ချိရောင်းချလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်သို့ စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်ဦးစီးမှူးရုံး၏ အနီးကပ်ကြီးကြပ်မှုဖြင့် နေပြည်တော် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်မြို့နယ်များအတွင်း ဈေးကားများဖြင့် လှည့်လည်၍ အလှည့်ကျရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ တစ်ရက်လျှင် စားအုန်းဆီ ပိသာ ၃၈၅၀ ခွဲတမ်းရရှိပြီး ရက်သတ္တတစ်ပတ်လျှင် ပိသာ ၁၉၂၅၀ ကို ဈေးကား ခုနစ်စီးဖြင့် စားသုံးသူပြည်သူများ လက်ထဲအရောက် ပုံမှန်ရောင်းချပေးလျက်ရှိသည်။ ထို့ပြင် မှန်မှန်ကန်ကန် ရောင်းချခြင်း ရှိ မရှိ စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်ဦးစီးမှူးရုံးနှင့် မြို့နယ်စားသုံးဆီ ဖြန့်ချိရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက လိုက်လံစစ်ဆေးလျက်ရှိသည်။

စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ သက်သာသောဈေးနှုန်းဖြင့် လယ်ဝေးမြို့နယ်တွင် ပိသာ ၃၃၀၀၊ ပျဉ်းမနားမြို့နယ်တွင် ပိသာ ၂၇၅၀၊ ပုဗ္ဗသီရိမြို့နယ်တွင် ပိသာ ၂၂၀၀၊ တပ်ကုန်းမြို့နယ်တွင် ပိသာ ၄၉၅၀၊ ဇမ္ဗူသီရိမြို့နယ်တွင် ပိသာ ၄၄၀၀၊ ဥတ္တရသီရိမြို့နယ်တွင် ပိသာ ၁၁၀၀၊ ဇေယျာသီရိမြို့နယ်တွင် ပိသာ ၅၅၀ ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ အများပြည်သူအတွက် ပုံမှန်ဈေးဖြင့် ရောင်းချလျက်ရှိသောကုမ္ပဏီများမှ ကိုယ်စားလှယ်ယူထားသော လက်လီလက်ကားဆိုင်များကလည်း နေ့စဉ် ပျမ်းမျှ ပိသာ ၃၀၀၀၀ ကျော် လက်လီရောင်းချလျက်ရှိသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နေပြည်တော်ကောင်စီ၏ လမ်းညွှန်ကြီးကြပ်မှု၊ ခရိုင်၊ မြို့နယ် စားသုံးဆီဖြန့်ချိရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၏ အနီးကပ်ကြီးကြပ်မှုကြောင့် ရည်ညွှန်းဈေးနှုန်းဖြင့် ပုံမှန်ဝယ်ယူနိုင်ပြီး ဈေးကွက်တွင်လည်း စားအုန်းဆီများ ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့၌ ကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကျောက်ဖြူ စက်တင်ဘာ ၂၂**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကောင်း(ကိုယ်ပိုင်အထက်တန်း)ကျောင်း ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် ကျောင်းကောင်စီဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က အစိုးရရပ်ကွက်ရှိ မြို့မအားကစားဘောလုံးကွင်းကြီး၌ ကျင်းပသည်။

ဦးစွာ ကွင်းဖွင့်ပွဲတွင် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ကောင်းက အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ကျင်းပရာ အနော်ရထာအသင်းက အလောင်းဘုရားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ကျောင်းကောင်စီဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလစသည့်အသင်းငါးသင်းတို့က ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး၊ ဖြိုးဝေလင်း**



# ကရင်ပြည်နယ်သို့ လာရောက်လေ့လာလည်ပတ်ပြီး ထပ်မံလာရောက်လည်ပတ်ချင်စိတ်ရှိအောင် ခရီးစဉ်ဒေသများကို ပြင်ဆင်ထား

**ဘားအံ စက်တင်ဘာ ၂၂**

ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကရင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၉/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃) ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့ပြည်နယ်သည် စိမ်းလန်းစိုပြည်သော တောတောင်ရေမြေစိမ့်စမ်း သဘာဝလိုဏ်ဂူများဖြင့် ခရီးသွားလည်ပတ်အပန်းဖြေရန် ကောင်းမွန်သောပြည်နယ်တစ်ခုဖြစ်ကာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်ပြီး နောက်ထပ်တစ်ကြိမ် ထပ်မံလာရောက်လည်ပတ်ချင်စိတ်ရှိအောင် ခရီးစဉ်ဒေသများကိုပြင်ဆင်ထားကြစေလိုကြောင်း၊ ပွင့်လင်းရာသီတွင် ခရီးစဉ်ဒေသများ၌ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဝင်များက အချိတ်အဆက်မိမိဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။**(ယာပုံ)**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီးဦးစောခင်မောင်မြင့်က ပွင့်လင်းရာသီ (ခရီးသွားရာသီ)အတွက် ခရီးစဉ်ဒေသများ၊ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ သင့်တင့်သောနှုန်းထားဖြင့် အဆင့်အတန်းမီမီ တည်းခိုလည်ပတ်နားနေနိုင်ရေးနှင့် ထူးဆန်းပြီးအံ့ဩဖွယ်ရာ ခရီးစဉ်ဒေသများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လင်းက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဒေသကော်မတီမှလုပ်ငန်းဆောင်ရွက်နေမှုနှင့် ယခုအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်း မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မော်လမြိုင် စက်တင်ဘာ ၂၂

**မွန်ပြည်နယ်အတွင်း မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်သည်။**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မြို့များဖွံ့ဖြိုးတိုးတက်လာမှု၊ လူဦးရေများပြားလာမှုနှင့် ယာဉ်အသုံးပြုမှု များပြားလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး၊ စွန့်ပစ်အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ သယ်ယူပို့ဆောင်ရေး စနစ်တကျဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေး၊ လူနေအိမ်ရာဇုန်၊ စီးပွားရေးဇုန်၊ စက်မှုဇုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်နှင့် စိမ်းလန်းဇုန်များ စသည်ဖြင့် ဇုန်အလိုက် စနစ်တကျ မြို့ပြစီမံကိန်းများ ရေးဆွဲထားရှိရန် လိုအပ်ကြောင်း။

မွန်ပြည်နယ် အတွင်း ကောင်းမွန်စနစ်ကျ၍ ရေရှည်မြို့ပြများ ဖြစ်ပေါ်စေရေးအတွက် မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲ ဆောင်ရွက်ထားရှိရန်နှင့် မြို့ပြစီမံကိန်း ထပ်မံရေးဆွဲဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်လမ်းဦးစီးဌာန၊ ပြည်နယ်မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များမှ မွန်ပြည်နယ်အတွင်း မြို့ပြစီမံကိန်းများ စနစ်တကျ ရေးဆွဲဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်နိုင် (မော်လမြိုင်)**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ဂဟေဆက်သင်တန်းနှင့် ငြမ်းဆင်သင်တန်း ဖွင့်လှစ်ပို့ချမှုများ ကြည့်ရှုအားပေး

**ရန်ကုန် စက်တင်ဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေးဝင်း၊ တိုင်းဒေသကြီး အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာအုပ်စု ရှမ်းကုန်းရွာ ဓမ္မာရုံလမ်း အမှတ် (၂၂၈) ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အသိအမှတ်ပြု Khaing & Kyaw Services Company Limited ၏ မိရအိ အလုပ်အကိုင်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်၍ ဂဟေဆက်သင်တန်းနှင့် ငြမ်းဆင်သင်တန်း ဖွင့်လှစ်ပို့ချမှုများကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ယင်းနောက် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးရပ်ကွက် ချင်းတွင်းလမ်း၊ အမှတ် (၃) ရှိ Today Top Star ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းကို ရောက်ရှိပြီး စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းများနှင့် လက်သုံးပစ္စည်းများနှင့် သင်တန်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ မရမ်းကုန်းမြို့နယ် ဧယျာခေမာလမ်း ၆ ရပ်ကွက် အမှတ် ၆၄ (E) ရှိ Kabar Training Center ၌ Pipe Fitting နှင့် System Formwork သင်တန်းများ ဖွင့်လှစ်ပို့ချမှုများကို ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးက သင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးစဉ် လေ့ကျင့်ရေးနည်းစနစ်များသည် လက်တွေ့လုပ်ငန်းခွင်နှင့် လိုက်လျောညီထွေမှု ရှိစေရန်၊ သင်တန်းဆင်းများကို အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရေး ချိတ်ဆက် ဆောင်ရွက်ပေးရန်၊ ဦးစီးဌာနက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေး လုပ်ငန်းစဉ်သည် ကာယဉာဏလုပ်သားများအတွက် လူ့ဂုဏ်သိက္ခာကို တန်ဖိုးမြင့်မားစေသဖြင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်တွင်းကြီးမြို့နယ်၌ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများစစ်ဆေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို စက်တင်ဘာ ၂၁ ရက်က မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ညွှန်ကြားရေးမှူး) ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်းထွန်း ဦးဆောင်သော အင်ဂျင်နီယာအဖွဲ့က ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ၄၀၁ ဒသမ ၈၀၆ သန်းဖြင့် တံတား လေးစင်းနှင့် ဂဝံမြေနီလမ်း (၁ / ၃ ဒသမ ၄၅) မိုင်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ၅၅၃ ဒသမ ၇၆ သန်းဖြင့် တံတားနှစ်စင်း၊ ရေကျော် လေးခုနှင့် ဂဝံမြေနီလမ်း ( ၃ / ၂ ဒသမ ၅) မိုင် တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ကို (ပြန်/ဆက်)**

◆*ကျောဖုံးမှ*

ခြေစွမ်းကွာဟမှု ကြီးကြီးမားမား မရှိတာကြောင့် ရရှိလာတဲ့ အခွင့်အရေးကို အဆုံးသတ်သေချာတဲ့အသင်းက ရလဒ်ကောင်း ရရှိသွားဖွယ်ရှိတယ်။ ဒီပွဲစဉ်ကို တနင်္ဂနွေနေ့ ည ၇ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာပါ။

**လီဗာပူးနဲ့ ဝက်စ်ဟမ်း**

ပြိုင်ပွဲစုံ နောက်ဆုံးငါးပွဲဆက် နိုင်ပွဲရရှိထားတဲ့ လီဗာပူးအသင်းအနေနဲ့ ခြေစွမ်းထက်မြက်မှုရှိတဲ့ ဝက်စ်ဟမ်းအသင်းကို အသာရဖို့ မလွယ်ဘူး။ ဒါ့အပြင် ရမှတ်ဆုံးရှုံးမှုမဖြစ်ပေါ်စေဖို့အတွက် ကြိုးစားလာမယ့် ဝက်စ်ဟမ်းအသင်းကြောင့် လီဗာပူးအသင်း အခက်တွေ့နိုင်ပြီး မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

ဒီပွဲစဉ်ကိုလည်း တနင်္ဂနွေနေ့ ည ၇ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ **မိုးဇက်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ မှတ်ပုံတင်ခွင့်ပြုပြီးနိုင်ငံရေးပါတီများ ပါတီဝင်အင်အားများ စိစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးညှိနှိုင်းစည်းဝေး

**မကွေး စက်တင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ချောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ချောက်ခရိုင်အတွင်းရှိ မှတ်ပုံတင် ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ပါတီဝင်အင်အားစိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။ (ယာပုံ)

အစည်းအဝေးသို့ ချောက်ခရိုင်နှင့် မြို့နယ်အဆင့် ပါတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင် နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ရွေးကောက်ပွဲအရာရှိများ၊ ချောက်ခရိုင်နှင့် မြို့နယ် အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ် ရေးမှူးများနှင့် ချောက်ခရိုင်နှင့် မြို့နယ်အဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**



## ပါတီဝင်အင်အားစာရင်းများမှန်ကန်စေရေးအတွက် မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၂၂**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြု ပြီး နိုင်ငံရေးပါတီများက တင်ပြ လာသည့် သတ်မှတ်ပါတီဝင် အင်အားစာရင်းများ မှန်ကန်စေ ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် ယနေ့ နံနက် ၁၀ နာရီတွင် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိတ္ထီလာ ခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ ခရိုင် နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဦးစီးဌာနတို့မှ တာဝန် ရှိသူများနှင့် ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ များမှ ရွေးကောက်ပွဲအရာရှိများကို တွေ့ဆုံ၍ ပါတီဝင်အင်အားစာရင်း များ မှန်ကန်စွာပြည့်မီရေးအတွက် ပူးပေါင်းစိစစ်ဆောင်ရွက်လျက် ရှိသည့်လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများနှင့် စိစစ်ခြင်း လုပ်ငန်းများကို ဥပဒေ၊ နည်း ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင် ရေးအတွက် လိုက်နာဆောင်ရွက် ရမည့် လုပ်ငန်းအစီအစဉ်များအား တွေ့ဆုံဆွေးနွေး မှာကြားခဲ့ပြီး မိတ္ထီလာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင်အင်အားစာရင်းများအား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် မြို့နယ်ပါတီ တာဝန်ခံများနှင့်အတူ လက်တွေ့စိစစ်ဆောင်ရွက် နေမှု ကို ကြည့်ရှုစစ်ဆေးသည်။(ဝဲပုံ)



ထို့နောက် ကော်မရှင်အဖွဲ့ဝင် သည် မိတ္ထီလာမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ မိတ္ထီလာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် အင်အားစာရင်းများကို ပါတီဝင် ဖြစ်ကြောင်း အသိအမှတ်ပြုထား သည့်မှတ်တမ်း၊ အထောက်အထား များဖြင့် လည်းကောင်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန၏ e-ID စနစ် နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ Admin DEO Software ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ သက်ဆိုင်ရာပါတီများ ၏ ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းစိစစ်ဆောင်ရွက်နေမှု အခြေ အနေများကိုလည်းကောင်း ကြည့်ရှု စစ်ဆေး၍လိုအပ်သည်များမှာကြား ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကရင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၏ပါတီဝင်အင်အားစာရင်းများ မှန်ကန်ပြည့်စုံရေး စစ်ဆေးမည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ဘားအံ စက်တင်ဘာ ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီး ဖြစ် သော နိုင်ငံရေးပါတီများအနက် ကရင်ပြည်နယ်အတွင်း အခြေ စိုက်သော နိုင်ငံရေးပါတီများ၊ ပါတီရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံ ရေးပါတီများ၏ ပါတီဝင်အင်အား စိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက် ရန်အတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်း တွင် ကရင်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင် ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးမောင်မောင်နိုင်က နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ် ပြန်ထားသောအမိန့်၊ ညွှန်ကြားချက် များကို အလေးအနက်ထား လိုက်နာဆောင်ရွက်ရန် လိုအပ် ပါကြောင်း ရှင်းလင်းပြောကြား သည်။ (ယာပုံ)

ထိုအစည်းအဝေးတွင် ကရင် ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ များ၊ ပြည်နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနနှင့် ပြည်နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကရင်ပြည်နယ်အတွင်း ပါတီ ဌာနချုပ်ဖွင့်လှစ်ထားသည့် ဖလုံ စဝေါ် ဒီမိုကရက်တစ်ပါတီနှင့် ကရင်အမျိုးသား ဒီမိုကရက်တစ် ပါတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပါတီရုံးခွဲ ဖွင့်လှစ်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ ပြည်သူ့ ရှေ့ဆောင်ပါတီတို့မှ တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်း များ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင် သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Su Myat Noe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁၅)ရပ်ကွက်နေ ခိုင်စုသက်(ခ)စုမြတ်နိုးအား နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ "Nay Oo Aung Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ အမှတ်(၃)ရပ်ကွက်နေ အောင်အောင်(ခ)ဂျင်မီအား ညနေ၄နာရီ၁၅မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း များဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည့်ဝဆီများကိုတတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# မြန်မာ့သမိုင်းထဲမှ ထူးချွန်ထက်မြက်သော သံကြီးတမန်ကြီးများ

မောင်မောင်လင်း

**ရှေးက (တက္ကသိုလ်) တက္ကသီလာ (Texila) ကို ပညာသင်သွားရတဲ့ မင်းညီမင်းသားတွေ အဋ္ဌာရသပညာ(၁၈)ပါး သင်ယူကြရာမှာ ကေတုသံတမန်အတတ်ဆိုပြီး ဟိန္ဒူနဲ့ ဗုဒ္ဓစာပေတွေမှာ ဖော်ပြခဲ့တဲ့ ပညာတစ်ပါးလည်း ဖြစ်ပါတယ်။ သံတမန်ဆိုတဲ့ မြန်မာဝေါဟာရကို အင်္ဂလိပ်ဝေါဟာရတွေဖြစ်တဲ့ သံဆိုသည်မှာ သံရုံး (Embassy)ကို ဆိုလိုခြင်းဖြစ်ပြီး တမန်ဆိုတာ သတင်းစကားပေးပို့သူ (Messenger) လို့သတ်မှတ်လို့လည်း ရပါတယ်။ ဒါကြောင့် သံတမန်ဆိုတာ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ မင်းအစိုးရနှစ်ရပ်၊ အုပ်ချုပ်သူတစ်ဦးနဲ့ တစ်ဦး၊ လူတစ်ယောက်နဲ့ တစ်ယောက်အကြား သွားလာဆက်သွယ်မှုပြုရသူဖြစ်ပါတယ်။**

မြန်မာအစဉ်အလာအရ တမန်၊ သံ၊ တန်ဆေး၊ သံ့သေးနဲ့ မင်းစေဆိုတဲ့ သံငါးမျိုးမှာ အရှင်မှာ တိုင်းဆိုသူကို တမန်၊ မင်းနှစ်ပါး သင့်အောင်ဆိုသူကို တန်ဆေး၊ သူ့စကားကိုထောက်ပြီး ယုတ်လွန်မရှိ ဆိုသူကို သံ့သေး၊ လိုတာကို တောင်းလာတာကို သံ၊ မှာတိုင်းဆို၍ စေဖက်ရမှသွားသူကို မင်းစေလို့လည်း မှတ်သားရပါတယ်။ ဒါကြောင့် ရှင်မဟာရဋ္ဌသာရရဲ့ သံဝရပျို့မှာ "တမန်တို့လည်း၊ နှစ်ကိုယ် တကိုယ် ချစ်လိုတည့်တည့်၊ နှစ်ပြည့် တပြည် ဖြစ်စိမ့်သည်ဟု၊ လည်လည်လျားလျား မင်းတပါးကို၊ အကြားစပ်တတ် ကိုယ်သို့ညွတ်မှ" ဆိုပြီး စပ်ဆိုခဲ့ပါတယ်။ အဲဒီသံတမန်ဟာ နိုင်ငံရဲ့ကိုယ်စား တိုင်းတစ်ပါးကို စေလွှတ်ရတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ အောက်ပါအင်္ဂါရပ်တွေနဲ့ ပြည့်စုံသူ ဖြစ်ရပါမယ်။ ဒါမှ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သံတမန်အင်္ဂါရပ်တွေကိုလည်း အမျိုးမျိုးပြဆိုလေ့ရှိပါတယ်။

### ဗုဒ္ဓဟောကြားခဲ့တဲ့ သံတမန်အင်္ဂါရှစ်ပါး

ဂေါတမဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ ဝိနယရစူဠဝဂ်မှာ သံတမန်ကောင်းတို့ရှိအပ်တဲ့ အရည်အချင်းရှစ်ပါးကို အင်္ဂုတ္တရပါဠိတော်မှာလည်း သံတမန်အင်္ဂါရှစ်ပါးအနေနဲ့ ဖော်ပြထားပါတယ်-

(၁) **သောတာ။** မှာကြားလိုက်သော စကားတို့ကို နားလည်ခြင်း၊
(၂) **သာဝေတာ။** မှာကြားလိုက်သောအတိုင်း ပြောဆိုနိုင်ခြင်း၊
(၃) **ဥဂ္ဂ မောတာ။** မမေ့မလျော့အောင် မှတ်သားထားနိုင်ခြင်း၊
(၄) **ဓာရေတာ။** မချွတ်မယွင်းအောင် ဆောင်နိုင်ခြင်း၊
(၅) **ဝိညာတာ။** စကားရှိတိုင်း အနက်အဓိပ္ပာယ်ကို သိနားလည်ခြင်း၊
(၆) **ဝိညာပေတာ။** သူတစ်ပါးနားလည်အောင် ပြောဆိုတတ်ခြင်း။
(၇) **သဟိတာသဟိတကုသလာ။** အကျိုးရှိသည် မရှိသည်၌ တတ်သိလိမ္မာခြင်း။
(၈) **နောစကလဟကာရကာ။** ငြင်းခုံခိုက်ရန်မဖြစ်အောင် ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါတယ်။

ရာဇနီတိမှာ ဖော်ပြထားတဲ့ သံတမန်အင်္ဂါခြောက်ပါးကတော့ (၁) ပညဝါ (ဉာဏ်ပညာရှိခြင်း)၊ (၂) ဝါကျဆေက (စကားတတ်ခြင်း၊ စကားပြောလိမ္မာခြင်း)၊ (၃) သူရ (ရဲစွမ်းသတ္တိရှိခြင်း)၊ (၄) ပရစိတ္တဇာနန (သူတစ်ပါး၏ စိတ်နေစိတ်ထားကိုသိခြင်း)၊ (၅) ဒန္တ (ယဉ်ကျေးသိမ်မွေ့ခြင်း)၊ (၆) ပဋိဝါကျ (သူတစ်ပါး သင်ဆိုသောစကားကို ပြန်လည် ချေပနိုင်ခြင်း) တို့ပဲဖြစ်ပါတယ်။ သုတောဒိတ မဟာရာဇဝင်ကြီး တတိယတွဲမှာဖော်ပြထားတဲ့သံတမန်အင်္ဂါခုနစ်ပါးကတော့ (၁) အမျိုးမြတ်ခြင်း၊ (၂) တတ်သိလိမ္မာခြင်း၊ (၃) တည်ကြည်ခြင်း၊ (၄) ရဲရင့်ခြင်း၊ (၅) အရိပ်အခြည်သိခြင်း၊ (၆) စည်းစိမ်ချမ်းသာရှိခြင်း၊ (၇) တော်မှန်ခြင်းတို့ ဖြစ်ပါတယ်။

### ခေတ်အဆက်ဆက် သံတမန်ရေးရာတည်ရှိမှု

သံတမန်ရေးရာတည်ရှိမှုဟာ ရှေးအချိန်ကတည်းက တရုတ်၊ အိန္ဒိယနဲ့ အီဂျစ် စတဲ့နိုင်ငံတွေမှာ တည်ရှိပြီးဖြစ်သလို ရှေးဟောင်းဂရိနဲ့ ရောမမြို့တွေမှာလည်း အဲဒီအခြေခံ အလေ့အကျင့်တွေကို စနစ်တကျဖွဲ့စည်းခဲ့တယ်လို့ မှတ်တမ်းတွေအရ တွေ့ရှိရပါတယ်။ နိပါတ်တော်၊ ရာဇဝင်၊ သာသနာဝင်၊ နီတိ အစရှိတဲ့ စာအုပ်စာတမ်းတွေမှာလည်း သံတမန်စေလွှတ်ခြင်း၊ ခန့်ထားခြင်းနဲ့စပ်လျဉ်းတဲ့ အကြောင်းအရာတွေကို တွေ့မြင်ရလို့ သံတမန်စေလွှတ်ခြင်း၊ ခန့်ထားခြင်း အလေ့အထဟာ ရှေးရှေးအခါကတည်းကရှိခဲ့မယ်ဆိုတာ ထင်ရှားပါတယ်။ စစ်ရေးကဏ္ဍအတွက် ကြည့်မယ်ဆိုရင်လည်း တိုင်းနိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ စစ်ခင်းကြတယ်၊ အဲဒီကနေ စစ်ပြေငြိမ်းရေးစာချုပ်တွေ ချုပ်ဆိုကြရမယ်၊ တစ်ပြည်ထောင်နဲ့ တစ်ပြည်ထောင်အကြား စစ်မက်မပြုဖို့ သဘောတူညီချက်တွေ ရယူထားကြမယ်၊ မဟာမိတ်ဖွဲ့ကြမယ်၊ လိုအပ်လာရင် စစ်ရေးအကူအညီပေးကြဖို့ ကတိထားကြမယ်။ ဒါတွေဟာ ယနေ့ခေတ်ဆိုရင်တော့ ကာကွယ်ရေးဆိုင်ရာသံခင်းတမန်ခင်း (Defense Diplomacy)ပဲ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ကြတဲ့အခါမှာလည်း နှစ်ပြည်ထောင်အကြား (Bilateral) ရှိသလို ခုနစ်ပြည်ထောင်မင်း အပေါင်းဆိုတဲ့ စကားလို စိတ်တူညီမျှရှိကြတဲ့ မင်းတွေအကြား စုပေါင်းဆောင်ရွက်တဲ့ Multilateral လည်း ရှိနိုင်တာမို့လို့ ခေတ်သစ်ဒီပလိုမေစီ (Modern Diplomacy) အခြေခံသဘောတရားတွေပဲ ဖြစ်ပါတယ်။

တိုင်းနိုင်ငံအစိုးရတွေဟာ သံတမန်တွေကို နှိပ်စက်ညှဉ်းပန်းခြင်း၊ သတ်ဖြတ်ခြင်း မပြုရဘဲ ပြေပြေပြစ်ပြစ် ဆက်ဆံရပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ချစ်ကြည်အေးချမ်းနေတဲ့အချိန် မဆိုထားနဲ့ စစ်မက်ဖြစ်နေလို့ စစ်တိုက်နေဆဲ အခါမျိုးမှာတောင် တစ်နိုင်ငံမှ တစ်နိုင်ငံကို စေလွှတ်လိုက်တဲ့ သံတမန်နဲ့ စစ်တပ်တစ်ခုမှ စစ်တပ်တစ်ခုကို စေလွှတ်လိုက်တဲ့ သံတမန်တွေကို နှိပ်စက်ညှဉ်းပန်းခြင်း၊ သတ်ဖြတ်ခြင်းမျိုး မပြုရပါ၊ ပြေပြေပြစ်ပြစ် ဆက်ဆံကြပါတယ်။ ဒါပေမယ့် (၁၇) ရာစုကျမှသာ သံတမန်ရေးရာ လုပ်ထုံးလုပ်နည်းတွေကို ပြဋ္ဌာန်းထားတဲ့ ဥပဒေပေါ်ထွက်လာပြီး ၁၉၆၁ ခုနှစ် ဗီယင်နာကွန်ဗင်းရှင်းမှာ သံတမန်ရေးရာ ကင်းလွတ်ခွင့်လို အခြားအချက်တွေကို ပြဋ္ဌာန်းနိုင်ခဲ့တာပါ။

> ❑ **ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့ဟာ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံမဟာမိတ်ဖြစ်ပြီး အဆက်အသွယ်ကောင်းဖို့ သံတမန်အလဲအလှယ်ပြုကာ နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံကို သံတမန်စေလွှတ်ခန့်ထားကြပါတယ်။ သံတမန်တွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြားမှာ နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ကူးလူးဆက်ဆံရာမှာ အလွန်အရေးပါလျက်ရှိ**
>
> ❑ **သံတမန်တွေရဲ့တာဝန်ဝတ္တရားတွေက ကြီးလေးလှသလို အမြော်အမြင်ကြီးကြီးနဲ့ ပရိယာယ်ကြွယ်ဝပြီး ဆက်ဆံတဲ့အခါမှာလည်း လိမ္မာရေးခြားရှိရမှာဖြစ်ပါတယ်။ ဒါမှသာ နှစ်နိုင်ငံဆက်ဆံရေးဟာ ပြေပြစ်ချောမွေ့ပြီး ကြာရှည်ချစ်ကြည်လေးစားစွာ ပေါင်းသင်းသွားနိုင်မှာ ဖြစ်ပါတယ်။ သံတမန်ဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံစစ်မက်အင်္ဂါဖြစ်ပွားစေနိုင်တဲ့ အထင်မှားအမြင်မှားမှုမျိုး မရှိစေဖို့ကိုလည်း အထူးသတိပြုရမှာလည်း ဖြစ်ပါတယ်**

ယခုခေတ်ဆိုရင်လည်း ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့ဟာ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံမဟာမိတ်ဖြစ်ပြီး အဆက်အသွယ်ကောင်းဖို့ သံတမန်အလဲအလှယ်ပြုကာ နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံကို သံတမန် စေလွှတ်ခန့်ထားကြပါတယ်။ သံတမန်တွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြားမှာ နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ကူးလူးဆက်ဆံရာမှာ အလွန်အရေးပါလျက်ရှိပါတယ်။ သံတမန်ဟာ အခြားအချုပ်အခြာအာဏာပိုင် နိုင်ငံခြားတိုင်းပြည်တစ်ပြည်ကို မိမိရဲ့ အစိုးရအဖွဲ့ကိုယ်စား တရားဝင်စေလွှတ်ခန့်အပ်ခြင်းခံရတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ တိုင်းတစ်ပါးကို စေလွှတ်ခန့်ထားတဲ့ သံတမန်ဟာ အလွန်အရေးကြီးတာနဲ့အညီ ရှေ့မှာဖော်ပြထားတဲ့ သံတမန်အင်္ဂါရပ်တွေနဲ့ ပြည့်စုံလုံလောက်တဲ့ ပုဂ္ဂိုလ်တွေကိုသာ စေလွှတ်ခန့်ထားရပါမယ်။

သံတမန်တွေရဲ့တာဝန်ဝတ္တရားတွေက ကြီးလေးလှသလို အမြော်အမြင်ကြီးကြီးနဲ့ ပရိယာယ်ကြွယ်ဝပြီး ဆက်ဆံတဲ့အခါမှာလည်း လိမ္မာရေးခြား ရှိရမှာဖြစ်ပါတယ်။ ဒါမှသာ နှစ်နိုင်ငံဆက်ဆံရေးဟာ ပြေပြစ်ချောမွေ့ပြီး ကြာရှည်ချစ်ကြည် လေးစားစွာ ပေါင်းသင်းသွားနိုင်မှာ ဖြစ်ပါတယ်။ သံတမန်ဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စစ်မက်အင်္ဂါဖြစ်ပွားစေနိုင်တဲ့ အထင်မှားအမြင်မှားမှုမျိုး မရှိစေဖို့ကိုလည်း အထူးသတိပြုရမှာလည်း ဖြစ်ပါတယ်။ အရေးကြီးတဲ့ တာဝန်တစ်ခုကတော့ မိမိကိုစေလွှတ်ထားရှိတဲ့ နိုင်ငံရဲ့ လူထုသဘောထားကို လေ့လာစုံစမ်းပြီး နိုင်ငံရေးအရ ဘယ်အခြေအနေမျိုး ဖြစ်ပေါ်နေတယ်။ ဘယ်လိုတိုးတက်ပြောင်းလဲလျက်ရှိနေတယ်ဆိုတာကိုလည်း မိမိနိုင်ငံရဲ့ အစိုးရထံ အမြဲအစီရင်ခံနေရတာပဲ ဖြစ်ပါတယ်။

### သံတမန်ရေးရာ ဆိုရာဝယ်

Diplomacy သံတမန်ရေးရာဆိုတဲ့ဝေါဟာရမှာ တိုင်းရေးပြည်ရာတွေမှာ ဝင်ရောက်စွက်ဖက်သူလို့လည်း ပါရှိပါတယ်။ သံတမန်ရဲ့ ထူးခြားချက်က သူ (သို့မဟုတ်) သူ(မ) အနေနဲ့ မိမိရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ ငြိမ်းချမ်းသော စေ့စပ်ညှိနှိုင်းမှုများမှတစ်ဆင့် နိုင်ငံများအကြား သံတမန်ဆက်ဆံရေးကို မြှင့်တင်ဖို့အတွက် လုပ်ဆောင်မှုလို့လည်း ဖွင့်ဆိုထားရှိပါတယ်။ အင်္ဂလိပ်ဝေါဟာရ သံတမန်ရေးရာဆိုတဲ့ စကားလုံးဟာ ဂရိစကားမှ ဆင်းသက်လာတာပါ။ "Diplomatia" ဆိုတာ နိုင်ငံတွေအကြား သံတမန်ရေးဆိုင်ရာလုပ်ဆောင်ချက်တွေ၊ ညှိနှိုင်းဆွေးမှုရလဒ်တွေနဲ့သက်ဆိုင်တဲ့ Diploma ဆိုတဲ့ နှစ်ခေါက်ချိုးထားတဲ့ တရားဝင်စာရွက်စာတမ်း၊ အသိအမှတ်ပြုလက်မှတ်တွေလို့လည်း ဆိုနိုင်ပါတယ်။ ဒ့ါကြောင့်မို့လို့ သံတမန်ရေး (Diplomacy) ဆိုတာ နိုင်ငံတစ်နိုင်ငံ၊ သို့မဟုတ် အစိုးရတစ်ခုဟာ မိမိရဲ့ အကျိုးစီးပွားကို အခြားနိုင်ငံခြားအစိုးရထံမှာ (သို့မဟုတ်) အဲဒီနိုင်ငံမှာ တိုးပွားရောက်ရှိမြှင့်တင်အောင် ပြုလုပ်တဲ့ အနုပညာပဲ ဖြစ်ပါတယ်။

သံတမန်ရေးရဲ့ အဓိကလုပ်ငန်းဆောင်တာ (Functions) တွေကို ၎င်းတို့နှစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမယ့် ငြိမ်းချမ်းရေးသဘောတူညီချက်တွေရရှိစေဖို့၊ ဒါမှမဟုတ်လည်း အခြားသော တတိယ အဖွဲ့အစည်းရရှိစေဖို့ ရည်ရွယ်ချက်နဲ့ စေ့စပ်ညှိနှိုင်းပေးတာမျိုးနဲ့ နိုင်ငံတကာဆက်ဆံရေးကို စီမံခန့်ခွဲတာမျိုးပဲ ဖြစ်ပါတယ်။ အထက်ဖော်ပြပါ ရည်ညွှန်းချက်အရဆိုရင်တော့ သံတမန်ဆက်ဆံရေးတွေမှာ ပါဝင်နိုင်တဲ့ပုဂ္ဂိုလ်တွေ (သို့မဟုတ်) အဖွဲ့အစည်းတွေဟာ နိုင်ငံတကာအသိုက်အဝန်းမှ နိုင်ငံတော်အကြီးအကဲတွေ၊ သံအမတ်ကြီးတွေ၊ သံတမန်တွေ၊ အစိုးရအဖွဲ့အစည်း အသီးသီးကို ကိုယ်စားပြုရသူတွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန (သို့မဟုတ်) သံတမန်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုခံရသူတွေလို့ပဲ ယေဘုယျသတ်မှတ်ရမလို ဖြစ်နေပါတယ်။

ဒီလိုတွေလည်း မဟုတ်ပါဘူး။ ရှေးယခင်ကတည်းက ဒေသတစ်ခုမှတစ်ခုသို့ စူးစမ်းလေ့လာလိုတဲ့ စိတ်ဆန္ဒနဲ့ လှည့်လည်သွားလာသူတွေ၊ ဘုရားဖူးတွေ၊ သာသနာပြုသူတွေ၊ ကုန်သွယ်ကူးသန်းသွားလာသူတွေ၊ သုခုမအနုပညာအတွက်ဖျော်ဖြေသူတွေထံမှ ရရှိလာသော သတင်းစကားတွေကြောင့် အခြားသောနိုင်ငံ၊ တိုင်းပြည်နဲ့သက်ဆိုင်တဲ့အကြောင်းအရာတွေ၊ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားတွေအပေါ် ပြည်ပနိုင်ငံတွေက ထောက်လှမ်းသိရှိနိုင်သလိုပဲ တစ်ဆင့်စကား၊ တစ်ဆင့်နားနဲ့လည်း လေ့လာသိရှိနိုင်တာကြောင့် အထက်ကဖော်ပြခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ တရားဝင်ခန့်အပ်ထားတာ မဟုတ်တဲ့ သံတမန်တွေလို့ သတ်မှတ်နိုင်ပါတယ်။

ဒီလိုနည်းလမ်းနဲ့ဆောင်ရွက်တာဟာ ယခုခေတ်မှာဆိုရင်တော့ Commercial Diplomacy ပုံစံမျိုး ကုန်သွယ်ကူးသန်းရာမှအစပြုခဲ့တဲ့ စီးပွားရေးသံခင်းတမန်ခင်း (Economic Diplomacy) နဲ့ အများပြည်သူသံခင်းတမန်ခင်း (Public Diplomacy) ကဏ္ဍတွေထဲမှာ အကျုံးဝင်နေတဲ့ စီးပွားဆက်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သာသနာရေးဆိုင်ရာ သံတမန်ကိစ္စရပ်တွေဖြစ်လို့ ခေတ်သစ်ဒီပလို မေစီသင်ရိုးတွေထဲမှာ အခြေခံသမားရိုးကျအနေနဲ့ စီးပွားရေးရာနဲ့ အများပြည်သူဒီပလိုမေစီဆိုတာ မူလကတည်းက ပါဝင်လာခဲ့တာပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သံတမန်ဆိုတာ နိုင်ငံတော်ကခန့်ထားတဲ့ သံတမန်သာမက စီးပွားကုန်သွယ်၊ ဈေးဝယ်၊ အလယ်အပတ်၊ ဘုရားဖူး၊ ပညာသင်၊ အားကစား၊ ဆေးကု၊ အလုပ်လုပ်ကိုင် စတဲ့ ကိစ္စတွေနဲ့ တရားဝင်နိုင်ငံခြားကို ရောက်ရှိနေတဲ့ နိုင်ငံသားတိုင်းဟာ မိခင်နိုင်ငံကို ကိုယ်စားပြုနေသူများဖြစ်ကြလို့ သူတို့ကိုလည်း သံတမန်တွေလို့ သတ်မှတ်နိုင်ပါတယ်။ သူတို့အနေနဲ့ မိခင်နိုင်ငံရဲ့အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်သလို နိုင်ငံနဲ့လူမျိုးရဲ့ဂုဏ်သိက္ခာ ကို ထိန်းသိမ်းရမယ့် တာဝန်ရှိပါတယ်။ လိုအပ်လာရင် သူတို့တွေကို နိုင်ငံတော်က တစ်စုံတစ်ရာသော တာဝန်တွေကိုလည်း ပေးအပ်နိုင်ပါတယ်။

နောက်ပိုင်း ခေတ်ပြိုင်ကမ္ဘာ့အရေးကိစ္စ (Cotemporary Global Issues) ဖြစ်စဉ်တွေအရ ရာသီဥတုပြောင်းလဲလာမှုတွေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွေ၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှုအရေးတွေ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာတွေကြောင့် (၂၁) ရာစုမှာ သဘာဝပတ်ဝန်းကျင်အရေးဒီပလိုမေစီ (Environmental Diplomacy)၊ လူသားချင်း စာနာမှုအရေး ဒီပလိုမေစီ (Humanitarian Diplomacy)နဲ့ ဒစ်ဂျစ်တယ် ဒီပလိုမေစီ (Digital Diplomacy) စတဲ့ ဒီပလိုမေစီဘာသာရပ်အပေါ် ချဲ့ထွင်လေ့လာကျင့်သုံးလာရပါတယ်။ ဒီလိုချဲ့ထွင်လာရတာနဲ့အမျှ နိုင်ငံခြားရေးဝန်ထမ်းသံတမန်နဲ့ ဘာသာရပ်နယ်ပယ်အလိုက်အစိုးရတာဝန်ရှိသူတွေ သာမက ပြင်ပမှဘာသာရပ်ကျွမ်းကျင်သူတွေ၊ ပညာရှင်တွေ၊ သတင်းမီဒီယာသမားတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ တိုက်ရိုက်နဲ့ သွယ်ဝိုက်ထိခိုက်ခံစားရတဲ့ လူမှုအသိုင်းအဝိုင်းတွေအထိ သက်ဆိုင်ရာလုပ်ငန်းစဉ်မှာ မဖြစ်မနေ ပါဝင်လာရပါတယ်။

တရားဝင်ပုဂ္ဂိုလ် အဖွဲ့အစည်းတွေနဲ့သာ ဆောင်ရွက်ကြတဲ့ လမ်းကြောင်း-၁ (Track-1) ဒီပလိုမေစီမှ အခြားသောလမ်းကြောင်းများဆီသို့ ခွဲဖြာဆောင်ရွက်ရတာနဲ့အမျှ အများပြည်သူဒီပလိုမေစီကဏ္ဍဟာ အရေးပါသည်ထက် ပါလာခဲ့ရပါတယ်။ ယနေ့ခေတ်လို ဆက်သွယ်ရေးနည်းပညာ တိုးတက်ဖွံ့ဖြိုးလာတဲ့ သတင်းမီဒီယာခေတ်ကြီးမှာတော့ ခရီးအကွာအဝေး ဘယ်လောက်ဝေးကွာနေသည်ဖြစ်စေ ဒေသတစ်ခုမှ ဖြစ်စဉ်အကြောင်းအရာတွေကို အခြားဒေသနေရာ အသီးသီးက အချိန်နဲ့တစ်ပြေးညီ သိရှိလာနိုင်ပြီး ဒစ်ဂျစ်တယ်ဒီပလိုမေစီ (Digital Diplomacy) ကဏ္ဍကို စနစ်တကျအသုံးချလာမှုကြောင့် နိုင်ငံသားတစ်ဦးချင်း၊ အစုအဖွဲ့နဲ့ အသင်းအဖွဲ့အစည်းတွေရဲ့ ပြောဆိုပြုမူ လုပ်ဆောင်မှုတွေဟာ သက်ဆိုင်ရာနိုင်ငံကို ကိုယ်စားပြုမှုရှိနေတာမျိုးကြောင့် နိုင်ငံများအကြား တရားဝင်လုပ်ဆောင်လျက်ရှိတဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ဒီပလိုမေစီ (International Relation and Diplomacy) ကဏ္ဍအပေါ် သက်ရောက်မှုများစွာ ရှိနေပါတယ်။ အနာဂတ်မှာဆိုရင် နိုင်ငံသားဒီပလိုမေစီ (Citizenship Diplomacy) မျိုးအထိ တိုးတက်ဖြစ်ပေါ်သွားနိုင်တာကြောင့် သာမန်နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်းစီရဲ့ အခန်းကဏ္ဍဟာ နိုင်ငံတော်အတွက် ပိုမိုအရေးပါလာမှာဖြစ်ကြောင်း ပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။

**ရာဇဝင်ထဲက သံကြီးတမန်ကြီးများ**

ဗုဒ္ဓမြတ်စွာခေတ်မှာ ဓမ္မဒူတ၊ တရားသံတမန်အဖြစ် ထင်ရှားတဲ့ ရှင်သာရိပုတ္တရာနဲ့ အမတ်လည်းဖြစ်၊ ရဟန္တာလည်းဖြစ်တဲ့ အရှင်ကာဠုဒါရီတို့ဟာ ထင်ရှားကျော်ကြားခဲ့ပါတယ်။ မြန်မာနိုင်ငံတော်ကြီးမှာလည်း ရဟန်းတော်တွေနဲ့ လူပုဂ္ဂိုလ်တွေရဲ့ ထင်ရှားကျော်ကြားလှတဲ့ သံခင်းတမန်ခင်း ဆောင်ရွက်ခဲ့မှုတွေရှိခဲ့ပါတယ်။ သမိုင်းတစ်လျှောက် ပင်လယ်နဲ့တောင်တန်းတွေ ကာဆီးထားတဲ့အတွက် တိုင်းခြားကျူးကျော်မှုကနေ အတော်လုံခြုံတဲ့ အနေအထားရှိခဲ့တယ်ဆိုတဲ့ မြန်မာ၊ မွန်၊ ရခိုင်နဲ့ ရှမ်းပဒေသရာဇ် နိုင်ငံတွေဟာ တရုတ်၊ ခမာ၊ သီဟိုဠ်၊ ထိုင်း၊ ဘင်္ဂလား၊ ပေါ်တူဂီ၊ မဏိပူရ၊ ဗြိတိသျှ စတဲ့ ကျူးကျော်မှုတွေကို ကြုံတဲ့အခါတွေရှိခဲ့သလို ကိုယ်ကသွားပြီး တိုက်ခိုက်သိမ်းပိုက်ခဲ့တဲ့ ခေတ်တွေလည်း မနည်းခဲ့ပါဘူး။ ပြည်တွင်းမှာလည်း အာဏာစက်နဲ့ နယ်ပယ်ချဲ့ထွင်နိုင်ဖို့နဲ့ ဧကရာဇ်နိုင်ငံတော်ကြီး ထူထောင်နိုင်ဖို့အတွက် နှစ်ပေါင်းတစ်ထောင်အတွင်း စစ်မက်ဖြစ်ပွားခဲ့တာမျိုးတွေလည်း ရှိခဲ့ပါတယ်။

ဒီလိုစစ်မီးနဲ့ ကြုံရတဲ့အခါတွေမှာ နှစ်ဖက်စစ်ပြေငြိမ်းရေးအတွက် သံတမန်တွေကို စေလွှတ်ရပါတယ်။ ဒ့ါအပြင် တရုတ်လို အင်အားကြီးနိုင်ငံနဲ့ အိန္ဒိယက မဟာရာဇာတွေ၊ စူလတန်မင်းတွေနဲ့လည်း မြန်မာက သံအဆက်အသွယ်ရှိပါတယ်။ (၁၉) ရာစုထဲ ရောက်တဲ့အခါမှာ ဗြိတိသျှ၊ ပြင်သစ် စတဲ့အနောက်နိုင်ငံတွေနဲ့ မြန်မာဘုရင်တွေ အဆက်အဆံ ပိုများလာပါတယ်။ ကျော်ပုဂံ (ခေါ်) ဗီယက်နမ်၊ ပါရှား (ခေါ်) အီရန်နိုင်ငံတို့နဲ့လည်း မြန်မာသံတမန် အဆက်အသွယ်ရှိသလို တရုတ်ပြည်နဲ့လည်း ရာဇဝင်အစဉ်အလာအတိုင်း ဆယ်နှစ်တစ်ကြိမ် လက်ဆောင်ပဏ္ဏာလဲလှယ်ကြတဲ့ထုံးစံက မင်းတုန်းမင်းလက်ထက်အထိ တည်မြဲခဲ့ပါတယ်။ ပထမနဲ့ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွေဖြစ်အပြီး မြန်မာမင်းနိုင်ငံ နယ်နိမိတ်ပိုမိုကျုံ့ဝင်လာပြီးနောက် အင်းဝနဲ့ အမရပူရ မြို့တော်တွေမှာ ဗြိတိသျှ သံကိုယ်စားလှယ်တွေ ရှိလာသလို မြန်မာဘက်ကလည်း လိုအပ်လာရင် အိန္ဒိယနဲ့ ဗြိတိန်အထိသွားပြီး စေ့စပ်ဆွေးနွေးရတာတွေ ရှိလာပါတယ်။ မင်းတုန်းမင်းလက်ထက်မှာတော့ အနောက်နိုင်ငံတွေအထိ သံတမန်တွေစေလွှတ်ပြီး မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။

**မြန်မာမင်းအဆက်ဆက်လက်ထက်တော်က သံကြီးတမန်ကြီးများ**

မြန်မာ့သမိုင်းနဲ့ ရာဇဝင်မှာ ထင်ရှားကျော်ကြားတဲ့ သံကြီးတမန်ကြီးတွေကတော့-

(၁) မြန်မာဘက်က ပြည်ပကို ပထမဆုံးစေလွှတ်တယ်လို့ အထောက်အထားတွေ့ရတဲ့ သံအဖွဲ့ကတော့ အေဒီ ၈၀၂ ခုနှစ်၊ ပျူခေတ်မှာ တန်မင်းဆက်ခေတ် တရုတ်ပြည်ကို စေလွှတ်ခဲ့တဲ့ သံအဖွဲ့ခေါင်းဆောင် ပျူမင်းသား အိမ်ရှေ့မင်းနန်းရှင်သုနန္ဒရဲ့ လူ ၆၀ ပါ သံအဖွဲ့ ဖြစ်ပါတယ်။ အေဒီကိုးရာစုက တရုတ်ပြည်သွားသံအဖွဲ့ပါ ပျူဂီတပညာရှင်တွေရဲ့ဗုဒ္ဓရဲ့ တံဆိပ်တော်၊ ကြိုးကြာငှက် လှည့်လည်ခြင်း၊ ဒေါင်းမင်း စတဲ့သီချင်းတွေနဲ့ ကကွက်တွေကို တရုတ်ဂန္ထဝင်စာပေတွေထဲမှာ အထင်အရှား မှတ်တမ်းတင်ထားပါတယ်။

(၂) မြန်မာသမိုင်းအတွက် အထင်ရှားဆုံး သံတမန်ရေး ကြိုးပမ်းမှုတစ်ခုကတော့ (၁၃) ရာစု မှာ ဖြစ်ပွားခဲ့ပါတယ်။ ပုဂံနိုင်ငံကို စေလွှတ်တဲ့ သံတွေကို ကွပ်မျက်ပစ်တဲ့အတွက် မွန်ဂိုကျူးကျော်မှုကြုံရပြီး နရသီဟပတေ့မင်း ပြည်အနောက်ဘက် လှည်းကျုအထိ စုန်ဆင်းထွက်ပြေးခဲ့ရပါတယ်။ ဒီစစ်မီးငြိမ်းဖို့အတွက် လှည်းကျုဆရာတော် ရှင်ဒိသာပါမောက်(ခေါ်) ဦးကျည်ပွေ့က တယ်တူခေါ် ဘေကျင်းမြို့တော်အထိသွားပြီး ခန်မင်းကြီး(ခေါ်) ကူဘလိုင်ခန်ဆီမှာ မေတ္တာရပ်ခံပါတယ်။ "မင်းကြီးနိုင်သော ပြည်ကားများလည်း များစွကြီးလည်းကြီးစွ။ တံပြတိတ်ပြည်ကား အငယ်တည်း" ဆိုတဲ့ ရှင်ဒိသာပါမောက် ကျောက်စာပါ တောင်းပန်စကားတွေကြောင့် ပြည်တွင်းမှာ ဝင်ရောက်တပ်စွဲနေတဲ့ တာတာစစ်သည်နဲ့ မဟာယနဘုန်းတော်ကြီးတွေ ပြန်လည်ဆုတ်ခွာရေးအတွက် အောင်မြင်စွာ စေ့စပ်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ပုဂံပြည်က မွန်ဂိုတပ်တွေ ပြန်ဆုတ်ပေးတယ်ဆိုပေမယ့် ပင်းယခေတ်အထိ မွန်ဂိုကျူးကျော်မှုရန်က ရှိနေခဲ့ပါတယ်။

(၃) ပင်းယခေတ်၊ စတုရင်္ဂဗလအမတ်ကြီးဟာ မွန်ဂိုတာတာတွေ တပ်ရုပ်သွားနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းနိုင်ခဲ့ရုံမျှမက သင်းတွဲတူးမြောင်းဖောက်ရေးတွင်ပင် ဝင်ရောက်ကူညီလုပ်ဆောင်ပေးခဲ့တဲ့အထိ သံတမန်ရေး ထူးချွန်လှသူဖြစ်ပါတယ်။

(၄) အင်းဝခေတ်မှာတော့ ဟံသာဝတီနဲ့ အနှစ် ၄၀ ကြာ စစ်ခင်းခဲ့ပါတယ်။ တစ်ကြိမ်မှာ အင်းဝကို စစ်ထိုးဖို့ တက်လာတဲ့ ရာဇာဓိရာဇ်ရဲ့ မွန်တပ်တွေကို စကြိုသူမြတ် ရဟန်းတော်ရဲ့ ဖျန်ဖြေမှုကြောင့် စစ်မထိုးဘဲ ပြန်ဆုတ်သွားခဲ့တယ်လို့ ဆိုပါတယ်။ ဝန်မင်းဘိုးရာဇာဟာ မင်းလေးဆက်တိုင်အောင် နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးရာတွေမှာ အကြံဉာဏ်ကောင်းတွေ ပေးနိုင်ခဲ့လို့ ဘွဲ့၊ ရာထူး၊ ရွှေငွေ၊ ရတနာ၊ မြေယာတွေနဲ့ ချီးမြှင့်မြှောက်စားခံခဲ့ရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေးကြီး၌ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ကျောက်ဆည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့သက်သာဈေးအရောင်းဆိုင်ကို ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးကြီးတွင် ပဉ္စမအကြိမ်အဖြစ် စက်တင်ဘာ ၂၀ ရက်က ဖွင့်လှစ်ရောင်းချပေးသည်။

အဆိုပါပြည်သူ့သက်သာဈေး အရောင်းဆိုင်တွင် ဆန်၊ စားအုန်းဆီ၊ အမဲသား၊ ဝက်သား၊ ကြက်သား စသည့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရာ ဈေးရောင်းဈေးဝယ်နေမှုအခြေအနေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဟိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြေ့ာမွန်ကံနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ရောင်းချခဲ့သည့် အခြေခံစားသောက်ကုန်များကို ထုပ်ပိုး



ရောင်းချပေးရာတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် ပလတ်စတစ်သုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် ပလတ်စတစ်အစားထိုးအင်ဖက်၊ သတင်းစာစက္ကူများဖြင့် ထုပ်ပိုးရောင်းချပေးခဲ့ကြောင်း သိရသည်။

သက်မောင်

(ကျောက်ဆည်)



(၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာလတတိယပတ်က ဥဩာသိဒ္ဓိရပ်ကွက် ဗုဒ္ဓရတနာပရဟိတကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ရဲပြန်ကြား

## ပခုက္ကူမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ၈၈ ဒသမ ၅ ရာခိုင်နှုန်း လွှမ်းခြုံထိုးနှံပြီးစီး

**ပခုက္ကူ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ်အတွင်း ကျောင်းနေအရွယ် အမျိုးသမီးငယ်များအား ကျောင်းအခြေပြု သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေး(HPV)ကို စက်တင်ဘာ ၁၈ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ ယခုအခါ ၈၈ ဒသမ ၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံထိုးနှံပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးဆန်းမင်းအောင်၏ ဦးဆောင်မှုဖြင့် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အဖွဲ့ကိုးဖွဲ့က ဆေးထိုးစုရပ် ၁၃ ခု ခွဲ၍ စက်တင်ဘာ ၁၈ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်အထိ အခြေခံပညာကျောင်း ၉၇ ကျောင်းတို့မှ အသက် ၉ နှစ်မှ ၁၂ အတွင်း ကျောင်းနေအရွယ် အမျိုးသမီးငယ် စုစုပေါင်း ၂၉၅၈ ဦးတို့အား ထိုးနှံပြီးစီးခဲ့ပြီး ဆေးထိုးလွှမ်းခြုံမှုအနေဖြင့် ၈၈ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကျောင်းအခြေပြုသားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံမည့် ရည်မှန်းဦးရေမှာ ၃၃၄၂ ဦးဖြစ်ပြီး ကျန်ရှိနေသေးသည့် အမျိုးသမီးငယ်များကို ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ တပ်ဖွဲ့မှူး ရဲမှူးဇော်နိုင် ဦးစီးသည့် အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၄၃ ဦးတို့သည် မန္တလေး သူနာပြုသင်တန်းကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မောင်အေးချမ်း

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသ ပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**မေးမြန်းအားပေး**

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့ပေါ်နှင့်အနီးပတ်ဝန်းကျင်မှ ကျေးလက်နေ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ပြန်လည်ရောက်ရှိ မြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူစုစုပေါင်း ၅၅၈၀ တို့အား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ပေါ်နှင့်အနီးပတ်ဝန်းကျင်မှ ကျေးလက်နေ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော အထူးဆေးကုသရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ထိန်လင်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့အား တွဲဖက်စစ်ရေးချုပ်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းပေးအပ်ကာ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**



အဆိုပါ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှု ပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ပြည်သူ့ကျန်းမာရေး ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု အရာရှိ၊ စစ်သည်များ ပါဝင်ပြီး အဆိုပါအဖွဲ့နှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ် ပါဝင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူ ၅၅၈၀တို့အား စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၃၄၂ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၆၅ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ ၄၁၇ ဦး၊ ကလေးရောဂါ ၃၀၉ဦး၊ သားဖွားမီးယပ်ရောဂါ ၂၄၅ ဦး၊ အရိုးရောဂါ ၇၆၈ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄၈ ဦး၊ မျက်စိရောဂါ ၁၃၀၀၊ သွားရောဂါ ၄၂၈ ဦး စုစုပေါင်းပြည်သူ ၅၅၈၀ အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သာမန်ခွဲစိတ်လူနာစုစုပေါင်း ၅၆ဦး၊ မျက်စိခွဲစိတ်လူနာစုစုပေါင်း ၆၂ဦး တို့ကိုရွေ့လျားခွဲစိတ်ယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်များဖြင့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာစုစုပေါင်း ၃၁၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာစုစုပေါင်း၂၈၃ဦး၊ Ultrasound စမ်းသပ်လူနာစုစုပေါင်း ၄၂၈ဦးနှင့် ဓာတ်ခွဲစမ်းသပ်မှု လူနာစုစုပေါင်း ၅၉၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက်ရှိသည့် ဒေသခံပြည်သူ နှစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ စနစ်တကျ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ဒေသခံပြည်သူ ၇၂ဦး တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးတွင် စဉ်ဆက်မပြတ် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံ စားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ၏ ဆမ်မရူမီးတောင် ပေါက်ကွဲမှုဖြစ်ပွား

ဂျကာတာ စက်တင်ဘာ ၂၂

**အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဆမ်မရူမီးတောင်မှာ စက်တင်ဘာ ၂၂ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ဇရိယာနှင့် ဝေးဝေးတွင်နေထိုင်ကြရန် ဒေသခံအာဏာပိုင်များက ပြည်သူများကို သတိပေးထားသည်။**

ဆမ်မရူမီးတောင်သည် ဒေသစံတော်ချိန်နံနက် ၉ နာရီ ၂၃ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးတောင်ဝမှ ၇၀၀ မီတာအထိ ပြာပူများ မှုတ်ထုတ်ခဲ့သည်ဟု ဆမ်မရူမီးတောင်စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ထူထပ်သည့်ပြာပူများကို အရှေ့တောင်ဘက်နှင့် တောင်ဘက်ဆီသို့မှုတ်ထုတ်ခဲ့ကြောင်း စောင့်ကြည့်အရာရှိတစ်ဦးဖြစ်သူ ယာဒီ ယူလီအန်ဒီက ပြောသည်။

ပြည်သူများအနေဖြင့် နိုးနိုးကြားကြားနေကြရန်နှင့် နောက်ထပ်ပေါက်ကွဲမှုမှ ရှောင်ရှားနိုင်ရန်အတွက်လည်း သတိပေးထားသည်။

ဆမ်မရူမီးတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၇၆ မီတာတွင်ရှိပြီး တတိယအဆင့်အန္တရာယ်ပေးနိုင်သည့် မီးတောင်လည်းဖြစ်သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူပေါင်းထောင်နှင့်ချီ၍ နေအိမ်များကို စွန့်ခွာခဲ့ရကာ လူ ၅၀ အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**



၂၀၂၂ ခုနှစ် ဆမ်မရူမီးတောင်ပေါက်ကွဲမှုကို တွေ့ရစဉ်။

# ဩဂုတ်လတွင် ဗီယက်နမ်နိုင်ငံ၏ တူနာငါးတင်ပို့မှု ယခုနှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိ

**ဟန္နိုင်း စက်တင်ဘာ ၂၂**

ဗီယက်နမ်နိုင်ငံ၏ တူနာငါးတင်ပို့မှုတန်ဖိုးသည် ဩဂုတ်လတွင် ကန်ဒေါ်လာ ၈၇ သန်းအထိ ရောက်ရှိခဲ့ပြီး ယခုနှစ်တွင် အမြင့်ဆုံးဖြစ်ကြောင်း ဗီယက်နမ်ပင်လယ်စာ တင်ပို့သူများနှင့် ထုတ်လုပ်သူများ အသင်း၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။



ဒါနန်းမြို့၌ တူနာငါးများကို သယ်ယူလာသည့် ရေလုပ်သားများအား တွေ့ရစဉ်။

အမေရိကန်သို့ တူနာငါးတင်ပို့မှု ၂ ရာခိုင်နှုန်း တိုးမြင့်လာမှုနှင့်အတူ တူနာစည်သွတ်ဘူးများ တင်ပို့မှု ၂၄ ရာခိုင်နှုန်း ခုန်တက်သွားခြင်းကြောင့် ပို့ကုန် ပိုမိုအားကောင်းလာခဲ့ကြောင်း ပြည်တွင်းမီဒီယာများက စက်တင်ဘာ ၂၂ ရက်တွင် ဖော်ပြသည်။ ဥရောပသမဂ္ဂသို့ ဗီယက်နမ်၏ တူနာငါးတင်ပို့မှုသည် ၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည့်အပြင် အီတလီသို့ တင်ပို့မှုမှာ ၄၅ ဆ တိုးတက်ခဲ့သည်။ ထို့အတူ ထိုင်းနှင့် ဖိလစ်ပိုင်တို့ကဲ့သို့သော ဈေးကွက်ငယ် နိုင်ငံများကလည်း ဗီယက်နမ်တူနာငါးကို ပိုမိုဝယ်ယူခဲ့သည်။

အေးခဲတူနာငါးတင်ပို့မှုမှာ ယခုနှစ်အစမှစပြီး ဆက်တိုက်ကျဆင်းနေသော်လည်း တူနာစည်သွတ်ဘူး တင်ပို့မှုမှာ ယခုနှစ်ကုန်အထိ တိုးလာဖွယ်ရှိကြောင်း ဗီယက်နမ်ပင်လယ်စာတင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်းမှ ပြောကြားသည်။

ယခုနှစ်အတွင်း တူနာငါး တင်ပို့မှု စုစုပေါင်းတန်ဖိုးသည် ကန်ဒေါ်လာ ၅၄၅ သန်းအထိ ရှိသော်လည်း ယမန်နှစ် အလားတူကာလထက် ၂၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။ **ဆင်ဟွာ**

# အီရန်နှင့် ဂျီဘူတီနိုင်ငံတို့ သံတမန်ဆက်ဆံရန် ပြန်လည်စတင်တော့မည်

**တီဟီရန် စက်တင်ဘာ ၂၂**

အီရန်နိုင်ငံနှင့် ဂျီဘူတီနိုင်ငံတို့သည် နှစ်နိုင်ငံစလုံးမှပြည်သူတို့၏ အကျိုးစီးပွားနှင့် ဆန္ဒတို့အရ သံတမန်ဆက်ဆံရေးပြန်လည်စတင်ရန် ဆုံးဖြတ်လိုက်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်**

အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန် အမီရာ အဗ္ဗဒူလာဟင် နှင့် ဂျီဘူတီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဟာမွတ် အလီယူဆွတ်တို့ စက်တင်ဘာ ၂၁ ရက်က နယူးယောက်မြို့တွင်ပြုလုပ်သည့် (၇၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တွေ့ဆုံပြီးနောက် ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**အဆက်အသွယ်ဖြတ်တောက်**

ရှီးယိုက်ဘာသာရေးဆရာတစ်ဦး ကွပ်မျက်ခံရပြီးနောက် အီရန်ရှိ ဆော်ဒီသံရုံးတိုက်ခိုက်ခံရသည့်ကိစ္စကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ၂၀၁၆ ဇန်နဝါရီလမှစတင်ကာ ဂျီဘူတီနိုင်ငံသည် အီရန်နိုင်ငံနှင့် သံတမန် အဆက်အသွယ်ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# သဘောတူညီမှုပျက်ပြားခဲ့ပြီးနောက် ဟောလိဝုဒ် စာရေးဆရာနှင့် စတူဒီယိုပိုင်ရှင်များ ထပ်မံတွေ့ဆုံ

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၂**

ဟောလိဝုဒ် အဓိက စတူဒီယိုမှ စေ့စပ်ညှိနှိုင်းသူများနှင့် သပိတ်မှောက်နေသည့် ရုပ်ရှင်နှင့် ရုပ်မြင်သံကြားမှ စာရေးဆရာတို့ စက်တင်ဘာ ၂၂ ရက်က ထပ်မံတွေ့ဆုံခဲ့သည်ဟု အမေရိကန်စာရေးဆရာများအစည်းအရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**သဘောတူညီမှုမရရှိ**

နှစ်ဖက်စလုံးသည် စက်တင်ဘာ ၂၁ ရက်က ၁၀ နာရီကြာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း လုပ်အားခနှင့်ပတ်သက်သည့် သဘောတူညီမှု မရရှိခဲ့ပေ။ ထို့ပြင် အသိဉာဏ်တု (အေအိုင်) စနစ် အသုံးပြုမှုနှင့်ပတ်သက်၍လည်း သဘောတူညီမှုမရခဲ့ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြကြသည်။ အမေရိကန် စာရေးဆရာများအစည်းအရုံးမှ အဖွဲ့ဝင် ၁၁၅၀၀ မှာ မေလအတွင်း လုပ်ခလစာ၊ အလုပ်အကိုင်အခြေအနေတို့နှင့်ပတ်သက်၍ သပိတ်မှောက်ခဲ့သည်။

**မည်သည့်မှတ်ချက်မျှမပေး**

ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ထုတ်လုပ်သူများအသင်းကလည်း ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မည်သည့်မှတ်ချက်မျှ မပေးခဲ့ပေ။ ဇူလိုင်လတွင် သရုပ်ဆောင်များသမဂ္ဂက သပိတ်မှောက်ခဲ့ပြီး နှစ်ပေါင်း ၆၃ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အလုပ်နှစ်ခုတစ်ပြိုင်နက် ရပ်နားသွားခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ ဩဂုတ်လအတွင်း အပူလှိုင်းကြောင့် လူပေါင်း ၃၄၀၀၀ ကျော် ဆေးရုံတင်ခဲ့ရ

**တိုကျို စက်တင်ဘာ ၂၂**

ဂျပန်နိုင်ငံ မီးသတ်နှင့် ဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီ၏ အချက်အလက်များအရ ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်းရှိ လူပေါင်း ၃၄၀၀၀ ကျော်ကို အပူလျှပ်ခြင်းကြောင့် ဆေးရုံများသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အပူဒဏ်ကြောင့် ဆေးရုံသို့ ပို့ဆောင်ခံရသူ ၃၄၈၃၅ ဦးအနက် ၄၈ ဦး သေဆုံးကာ ၁၁၁၇၆ ဦး ဆေးရုံတင်ထားရပြီး ၂၃၄၅၆ ဦးမှာ ကျန်းမာရေး ပြန်လည်ကောင်းမွန်သွားပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံတက်ရောက်ခဲ့ရသူများ၏ ထက်ဝက်ကျော်သည် အသက် ၆၅ နှစ်နှင့်အထက် အရွယ်များဖြစ်သည်။

၎င်းတို့အနက် နေအိမ်များအတွင်း အပူလျှပ်ရောဂါ ခံစားရသူ ၁၄၆၀၂ ဦး၊ လမ်းပေါ်တွင် ပူလျှပ်ခံစားသူ ၅၃၇၈ ဦး၊ အားကစားကွင်းများနှင့် ကားရပ်နားရန် နေရာများ အပါအဝင် ပြင်ပနေရာများတွင် ၄၃၈၆ ဦး ရှိသည်။

ဩဂုတ်လအတွင်း ဂျပန်နိုင်ငံ မြောက်ပိုင်း၌ အပူချိန် အလွန်မြင့်ခဲ့ပြီး အရှေ့မြောက်ပိုင်း ဟီရိုဆာကီမြို့၌ အပူချိန် ၃၉ ဒသမ ၃ ဒီဂရီစင်တီဂရိတ်နှင့် ဆပ်ပိုရိုမြို့တွင် ၃၆ ဒသမ ၃ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ပြီး စံချိန်တင် အပူဆုံးဖြစ်ခဲ့သည်။

လာမည့်နှစ်ပတ်အတွင်း အပူချိန်မှာ ပျမ်းမျှထက် ပိုမိုမြင့်မားရန် မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။

မီးသတ်နှင့် ဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီက လေအေးပေးစနစ် အသုံးပြုခြင်းနှင့် ရေမကြာခဏ သောက်သုံးခြင်းကဲ့သို့သော အပူဒဏ်ကို ကာကွယ်ရေးနည်းလမ်းများ ဆက်လက်ပြုလုပ်ရန် ပြည်သူများကို တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**



# မြန်မာမီဒီယာအဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်ကူးလူးဖလှယ်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၂**

MRTV၊ MITV၊ မြန်မာ့အလင်း၊ The Global New Light of Myanmar၊ One News၊ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း၊ စံတော်ချိန်၊ Eleven၊ Yangon Media Group၊ Vidya မှ မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့ဝင် ၁၀ ဦးသည် စက်တင်ဘာ ၁၂ ရက်မှ ၁၉ ရက်အထိ တရုတ်နိုင်ငံ ပေကျင်း၊ ဟန်ကျိုး၊ ရှန်ဟိုင်း မြို့သုံးမြို့သို့ သွားရောက်ခဲ့ပြီး တရုတ်-အာဆီယံစင်တာ၊ နာမည်ကျော်သတင်းစာတိုက်၊ အာရှအားကစားပြိုင်ပွဲ သတင်းဌာန၊ ကုမ္ပဏီများသို့ သွားရောက်၍ ချစ်ကြည်ရင်းနှီးစွာ ကူးလူး ဖလှယ်ခဲ့ကြသည်။



ပေကျင်းမြို့တွင် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်-အာဆီယံစင်တာသို့ သွားရောက်ခဲ့သည်။ စင်တာရှိ အထွေထွေညှိနှိုင်းဌာန ဒုတိယဌာနမှူး ဒေါ်ယုဝါကို (မြန်မာနိုင်ငံသား)၊ သတင်းနှင့်ပြည်သူ့ဆက်ဆံရေးဌာန ဒုတိယဌာနမှူး Fang Qiang တို့က ကိုယ်စားလှယ်အဖွဲ့ကို တရုတ်-အာဆီယံစင်တာ အတွင်းရေးမှူးချုပ် Shi Zhongjunနှင့် မြန်မာနိုင်ငံ ခရီးစဉ်အခြေအနေနှင့် စင်တာက တရုတ် -အာဆီယံမီဒီယာများ ကူးလူးဖလှယ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအပိုင်းတွင် လုပ်ဆောင်ချက်များ မိတ်ဆက်ပေးခဲ့ပြီး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်-မြန်မာနှင့် တရုတ်-အာဆီယံ လူမှုယဉ်ကျေးမှု ကူးလူးဖလှယ်ရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် ကိုယ်စားလှယ် အဖွဲ့သည် Peoples Daily၊ ဆင်ဟွာသတင်းဌာနတို့နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကူးလူးဖလှယ်ခဲ့ကြပြီး MR စမတ် စတူဒီယို၊ XR စတူဒီယို စသည့် New Media နည်းပညာနှင့် စက်ပစ္စည်းအသစ်များကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဟန်ကျိုးမြို့တွင် မီဒီယာအဖွဲ့သည် ဟန်ကျိုးအာရှအားကစားပြိုင်ပွဲ ပင်မမီဒီယာစင်သွားသို့ သွားရောက်၍ စီးပွားရေးဝန်ဆောင်မှုဇုန်၊ လူမှုဘဝဝန်ဆောင်မှုဇုန်၊ အဓိကသတင်းစင်တာ၊ နိုင်ငံတကာထုတ်လွှင့်ရေးစင်တာများသို့ သွားရောက်လေ့လာခဲ့ပြီး ဟန်ကျိုးအာရှအားကစားပြိုင်ပွဲက မီဒီယာသတင်းထောက်များ သတင်းရေးသားရာတွင် လိုအပ်သည့် ရုံးသုံး ဘာသာစကား၊ ပို့ဆောင်ရေး၊ အစားအသောက်၊ နည်းပညာ၊ စီးပွားရေး စသည့်အဆောက်အအုံနှင့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးထားသည့် အခြေအနေကိုလည်း လေ့လာကြည့်ရှုခဲ့သည်။ ထို့ပြင် Alibaba Global ရုံးချုပ်သို့ သွားရောက်၍ တစ်ကမ္ဘာလုံးတွင် ခေတ်အမီဆုံး သိပ္ပံနည်းပညာ၊ ကုန်စည်စီးဆင်းမှုနှင့် ဝန်ဆောင်မှုပုံစံများကို သွားရောက်လေ့လာခဲ့သည်။ ရှန်ဟိုင်းမြို့တွင် မီဒီယာအဖွဲ့သည် Shanghai United Media Group (SUMG) နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အင်တာနက်ခေတ်တွင် မီဒီယာအသွင်ကူးပြောင်းမှုပုံစံများကို လေ့လာခဲ့ကြသည်။ ထို့ပြင် Shanghai Urban Planning Exhibition Center သို့သွားရောက်၍ ရှန်ဟိုင်း၏ စီးပွားရေး၊ လူမှုယဉ်ကျေးမှု၊ ဆန်းသစ်တီထွင်မှု၊ ဂေဟဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြသည်။

မီဒီယာကိုယ်စားလှယ်များက ယခုအကြိမ်တရုတ်နိုင်ငံခရီးစဉ်သည် တရုတ်နိုင်ငံအကြောင်း နားလည်သိရှိမှု တိုးလာစေပြီး မြန်မာမီဒီယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေးအခေါ်ဉာဏ် စဖွင့်ပေးလိုက်ကြောင်း၊ သတင်းဖော်ပြချက်၊ ဆောင်းပါး၊ ဗီဒီယိုအစီအစဉ် စသည့်ပုံစံအမျိုးမျိုးဖြင့် ယခုအကြိမ်ခရီးစဉ်တွင် နားလည်သိရှိခဲ့သမျှကို မြန်မာပြည်သူများနှင့် မျှဝေပေးကာ တရုတ်-မြန်မာချစ်ကြည်ရေးအတွက် ပိုကောင်းသည့် အကျိုးထမ်းဆောင်ပေးမည်ဟု ဆိုကြသည်။

**မြင့်မောင်**

# လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

**တပ်ကုန်း**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၁ရက်က မကျီးပင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (မကျီးပင်)၌ ကျင်းပသည်။ **(အောက်ပုံ)**

စကားဝိုင်းတွင် ခေတ္တမြို့နယ်ပညာရေးမှူး၊ အထက(၂)မှ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းက အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်း(မကျီးပင်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရဲနန္ဒာစိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း(မကျီးပင်)မှ မောင်ကျော်ဇင်ထွေး (Grade–11)၊ မမေချယ်ရီဦး (Grade–11)၊ မသဲနုစံ (Grade–11)၊ မယွန်းမီမီအောင်(Grade– 11)တို့က လူငယ်နှင့်စိတ်အာဟာရ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်နည်းပညာခေါင်းစဉ် တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများက မေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူ ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသားကျောင်းသူများက ပြန်လည်ဖြေကြားပေးသည်။

**တင်စိုးလွင်**



**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၂ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက လူငယ်နှင့်ရည်မှန်းချက်များ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် စာတတ်ဖို့သာမက ပညာတတ်ဖို့ပါ ကြိုးစားကြစသည့် ခေါင်းစဉ်များဖြင့် ဟောပြောသည်။ ဆက်လက်၍ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဦးအောင်ဇင်ဦးက ကျောင်းသား ကျောင်းသူများ ဘဝ လမ်းကြောင်းမှန်ကန်ပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာစေရန်နှင့် စိတ်ခံတတ်ကျန်းမာကြံ့ခိုင်သည့် လူငယ်လူရွယ်များ ဖြစ်ပေါ်လာစေရန် ဟောပြောခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

**ပုသိမ်ကြီး**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ပုသိမ်ကြီး)၌ စက်တင်ဘာ ၂၁ရက်က လူငယ်စကားဝိုင်း ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆွေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ဦးဆောင်ဆွေးနွေးပြီး စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးက မူးယစ်ဆေးဝါးအကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ ယဉ်ကျေးမှု၊ အားကစားနှင့်အပန်းဖြေခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ စီးပွားရေး ဟူသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။ ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူ နှစ်ဦးက ဖြည့်စွက်ဆွေးနွေးကြသည်။ အဆိုပါကျောင်း၌ စိုက်ပျိုးရေးသိပ္ပံ (ရွှေဘို)၊ စိုက်ပျိုးရေးသိပ္ပံ(လုံပီး) တို့မှ ကျောင်းသားကျောင်းသူများအား ပူးတွဲသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဇာနည်ကိုကို(ပုသိမ်ကြီး)**



**ပဲခူး**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၁ ရက်က ပဲခူးမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းရှိ အားကစားခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအေးက အမှာစကားပြောကြားပြီး ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း Grade–11 မှ မနှင်းနဒီအောင်က လူငယ်နှင့်ဘဝနေနည်း၊ Grade–11 မှ မောင်နိုင်လင်းထက်က လူငယ်နှင့် စိန်ခေါ်မှုများ၊ Grade–10 မှ မောင်မင်းခန့်ကျော်က လူငယ်နှင့် မူးယစ်ဆေးနှင့် Grade–10 မှ မောင်အာကာသကြ်န်က လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ ယင်းနောက် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပုလဲရတုမှသည် အနာဂတ်ဆီသို့ . . .

သက်ဦးမောင် (ယဉ်ကျေးမှု)

**၁၉၉၃ ခုနှစ် စက်တင်ဘာလ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့သော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် နှစ် ၃၀ ပြည့်၍ ပုလဲရတုတိုင်ခဲ့ပြီဖြစ်သည်။ ပုလဲရတုအထိမ်းအမှတ် အခါသမယတွင် တက္ကသိုလ်ကြီး၏ ပုလဲရတုအကြို အနုပညာစွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများ၊ ပုလဲ ရတုအထိမ်းအမှတ် ရုပ်မြင်သံကြားစကားဝိုင်းများ၊ ရုပ်မြင်သံကြားတေးသီချင်း ရိုက်ကူး ထုတ်လွှင့်မှုများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ပုလဲရတုအထိမ်းအမှတ် တက္ကသိုလ်ဓမ္မာရုံ၊ တက္ကသိုလ်မော်ကွန်းတိုက်၊ Art Gallery ဖွင့်ပွဲများ၊ ပုလဲရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေဖြန့်ချိခြင်းနှင့် ဆရာကန်တော့ပွဲအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာအတွက် ပုလဲရတုမှသည်... အနာဂတ်ဆီသို့ ... ဟူသော ပုလဲရတုအထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ ရတုအဆက်ဆက်၊ ရှေ့သို့ချီတက်နိုင်ရန် သွားရန်လည်းအသင့် အားမာန်လည်းဝင့်လျက် ကြိုးပမ်း ဆောင်ရွက်နေကြပါသည်။ အနာဂတ်ဆီ... ရောက်ရမည့် ခရီးပန်းတိုင်သည် **စိတ္တံ ဒန္တံ သုခါ ဝဟံ** (ယဉ်ကျေးသောစိတ်သည် ချမ်းသာခြင်းကိုဆောင်၏) ဟူသော တက္ကသိုလ်ဆောင်ပုဒ်နှင့်အညီ စိတ်လည်းယဉ်ကျေး၊ လူလည်းချမ်းသာ၊ သားကောင်းရတနာများ ထွန်းပေါက်သည့် နိုင်ငံတော်အဖြစ်တည်ရာသို့ ဖြစ်ပါ၏။

## ပုလဲရတုရုပ်မြင်သံကြားစကားဝိုင်း

လွန်ခဲ့သော နှစ် ၃၀ ခေတ်ကာလက နိုင်ငံတော်တွင် တိုင်းကျိုးပြည်ဆောင် နိုင်ငံထူထောင်ရေးနှင့် တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက် လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးများ အထူးလိုအပ်နေချိန်တွင် ယဉ်ကျေးမှု တက္ကသိုလ်ဟူ၍ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။

သို့ဖြစ်၍ တက္ကသိုလ်သမိုင်းအစဦးတည်ချက်များမှာလည်း မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေးဖြစ်ခဲ့၏။ ဤဦးတည်ချက်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊ ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်ခဲ့ကြ၏။ သုတေသနလုပ်ငန်းများနှင့်တကွ မြန်မာ့သုခုမအနုပညာရပ်များ ထွန်းကားပြန့်ပွားစေပြီး ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အနုပညာရှင်များကို သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ကြ၏။ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးအမှုထမ်း၊ အရာထမ်းများအားလုံးက တက္ကသိုလ်၏ ရည်မှန်းချက်များကို အနုပညာ ချစ်မြတ်နိုးသောစိတ်ဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော်ခဲ့ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တွင် ပါမောက္ခချုပ်တာဝန် ထမ်းဆောင်ခဲ့သူများမှာ ဦးမောင်မောင်ခိုင် (၁၉၉၃ – ၁၉၉၈)၊ ဦးဇော်သန်း(၁၉၉၈–၁၉၉၉)၊ ဦးတင်စိုး (၁၉၉၉–၂၀၀၉)၊ ဒေါ်နန္ဒာမွန်း (၂၀၀၉–၂၀၁၀)၊ ဒေါ်စန္ဒာခင် (၂၀၁၀–၂၀၁၁)၊ ဦးကျော်ဦး (၂၀၁၁–၂၀၁၅)၊ ဦးအောင်နိုင်မြင့် (၂၀၁၅–၂၀၂၂)၊ ဒေါက်တာကေသီထွေး(၂၀၂၂–လက်ရှိ) တို့ဖြစ်ကြသည်။ လက်ရှိပါမောက္ခချုပ် ဦးဆောင်လျက် အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက ရုပ်မြင်သံကြားစကားဝိုင်းတွင် တက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေး၊ အနုပညာ–ပညာရေးတို့နှင့်စပ်လျဉ်းကာ အတွေ့အကြုံ၊ အသိအမြင်များကို မျှဝေဆွေးနွေးပြောကြားပေးခဲ့ကြပါသည်။ ဆွေးနွေးချက်များထဲကမှ ဤတက္ကသိုလ်ကို စတင်ဖွင့်လှစ်စဉ်က **ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)**ဟု အမည်ပေးခဲ့ကြောင်း၊ ဖွင့်လှစ်ပြီး ၁၄ နှစ်အကြာတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။

ယဉ်ကျေးမှုဟူသည် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု၊ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု၊ ဒြပ်မဲ့ယဉ်ကျေးမှုတို့ရှိကြပြီး လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့ကြသောပစ္စည်းများ၊ ပြောဆိုကြသော ဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ ယုံကြည်ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ အတွေးအခေါ်နှင့် စရိုက်လက္ခဏာများ၊ အနုသုခုမပညာ၊ လက်မှုပညာများ ပါဝင်ပြီး ယင်းတို့ကို ပေါင်းစုခေါ်ဝေါ်ခြင်းဖြစ်ရာ အလွန်ကျယ်ပြန့်ပါသည်။

ယဉ်ကျေးမှု တက္ကသိုလ်ဟူသည် ဤမျှများပြားသော ယဉ်ကျေးမှုရေးရာများထဲမှ ဘာတွေသင်သနည်း၊ ဘယ်လိုသင်သနည်းဟူသော အမေးများရှိလာခဲ့သည်။ နိုင်ငံတကာ Art University များကို လေ့လာကြည့်လျှင်လည်း သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုနှင့်ဆိုင်သော အနုသုခုမပညာရပ်များကို မေဂျာခွဲလျက် သင်ကြားပေးနေကြသည်ဖြစ်ရာ မိမိတို့တက္ကသိုလ်ကိုလည်း ခေတ်စနစ်၊ အခြေအနေနှင့်လျော်ညီစွာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ် (၄၀/၂၀၀၇) ၏ သဘောတူညီချက်အရ **အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)**ဟု အမည်ပြောင်းလဲ သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းပညာသင်နှစ်တွင်ပင် မူလက ဂီတပညာဌာန၊ သဘင်ပညာဌာန၊ ပန်းချီပညာဌာန၊ ပန်းပုပညာဌာနဟု ဌာနလေးခုရှိခဲ့ရာမှ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနကို တိုးချဲ့ဖွဲ့စည်း သင်ကြားပေးခဲ့ပါသည်။

အနုပညာတက္ကသိုလ်ဟု ဆိုလိုက်သောကြောင့် အနုပညာ–ပညာရေးသည် အရေးကြီးကြောင်း စကားဝိုင်းဆွေးနွေးပွဲတွင် အဓိကဦးတည်ပြောခဲ့ကြသည်။ အနုပညာဘာသာရပ်တစ်ခုကို သင်ကြားရာတွင် ယင်းအနုပညာ၏ အတိတ်–ပစ္စုပ္ပန်–အနာဂတ်များ ပါဝင်လာရမြဲဖြစ်သည်။ ဥပမာအားဖြင့် ပန်းချီပညာရပ်သင်ကြားလျှင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့ရှိ ပြဒါးလင်းဂူမှ ကျောက်ခေတ်နံရံဆေးပန်းချီများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ နံရံဆေးပန်းချီများအကြောင်းသည်လည်းကောင်း၊ ဂီတပညာရပ်ကို သင်ကြားသည့်အခါ၌လည်း အေဒီ ၈၀၂ ခုနှစ် ပျူခေတ် ကချေသည်အဖွဲ့ အတီးအမှုတ်တူရိယာများနှင့်တကွ တရုတ်ပြည် ဆီယန်သို့ သွားရောက်ဖျော်ဖြေတင်ဆက်မှုများကို လည်းကောင်း သင်ကြားရသည်ဖြစ်ရာ သမိုင်းနှင့် ယဉ်ကျေးမှုကို ထက်ကြပ်မကွာလေ့လာသင်ယူရသည့်သဘောများ တွေ့ရမည်ဖြစ်သည်။

ယင်း အနုပညာအရင်းအမြစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ခေတ်နှင့်အညီ ဆန်းသစ်တီထွင်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ သုတေသနပြုခြင်း၊ မျှဝေခြင်းတို့သည် အနုပညာ –ပညာရေးပင်ဖြစ်သည်။ မြန်မာ့ရေမြေတွင် ခေတ်သမိုင်းအဆက်ဆက် နှစ်ပေါင်းထောင်ချီ၍ အနုသုခုမပညာရပ်များ ဖြစ်တည်ရှင်သန်ခဲ့၏။ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့မာန်ဖြင့် ကမ္ဘာ့အလယ် ထည်ထည်ဝါဝါရှိခဲ့၏။ မြန်မာ့သွေး၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဇာတိမာန်သတ္တိဖြင့် ရဲရဲရင့်ရင့်ရပ်တည်ခဲ့၏။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သည် ဤမြန်မာ့သမိုင်းကြောင်းနှင့် အစဉ်အလာကောင်းသော မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ထိန်းသိမ်းရာ၊ ဖန်တီးရာ၊ မြှင့်တင်ရာ၊ မျှဝေရာ၊ ချစ်မြတ်နိုးရာ တက္ကသိုလ်ကျောင်းတော်ကြီး ဖြစ်သည်။ တက္ကသိုလ်မုခ်ဦးမှ ကျောင်းအတွင်းသို့ ဝင်လိုက်သည်နှင့် လမ်း၏လက်ဝဲဘက်တွင် ဆေးရောင်စုံစာလုံးကြီးများဖြင့် ရုပ်ကြွပုံဖော်ထားသော **We Preserve, We Create, We Promote, We Share, We Love, NUAC ဟူသည့်** စာတန်းကို သင်ကြားရေး လမ်းညွှန်ချက်များ သဖွယ် ကြည့်ရှုမြင်တွေ့နိုင်ကြမည်ဖြစ်သည်။




**နိုင်ငံတကာ Art University များကို လေ့လာကြည့်လျှင်လည်း သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုနှင့်ဆိုင်သော အနုသုခုမပညာရပ်များကို မေဂျာခွဲလျက် သင်ကြားပေးနေကြသည်ဖြစ်ရာ မိမိတို့တက္ကသိုလ်ကိုလည်း ခေတ်စနစ်၊ အခြေအနေနှင့်လျော်ညီစွာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းအဝေးအမှတ် (၄၀ / ၂၀၀၇) ၏ သဘောတူညီချက်အရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်**

ပုလဲရတုစကားဝိုင်းအမှတ်(၂)အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေကြသော ပညာရပ်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူးများက ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းများ၊ စာတွေ့လက်တွေ့သင်ကြားရေး အတွေ့အကြုံများ၊ နိုင်ငံတကာအနုပညာတက္ကသိုလ်များသို့ သွားရောက်လေ့လာပညာသင်ယူခဲ့မှုများကို အများပြည်သူ သိမြင်နားလည်အောင် ဆွေးနွေးပြောကြားခဲ့ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ **ဂီတပညာဌာနမှ** ဂီတဗေဒ၊ ကမ္ဘာ့ဂီတသင်္ကေတ၊ မြန်မာဂီတအဆိုဘာသာရပ်၊ တိုင်းရင်းသားများ၏ ရိုးရာဂီတများ၊ တူရိယာပစ္စည်းများ လက်တွေ့တီးခတ်ခြင်း၊ တူရိယာကိုးမျိုးဖြစ်သော စောင်း၊ ပတ္တလား၊ မောင်းဆိုင်း၊ ကြေးဝိုင်း၊ ဖုံ၊ နှဲ၊ တယော၊ စန္ဒရား၊ ဆိုင်းဝိုင်း (ပတ်ဝိုင်း) တူရိယာတီးခတ်ခြင်း စသည်တို့ကို သင်ကြားပေးသည်။ **သဘင်ပညာဌာနမှ** အကနှင့် အကဗေဒ၊ ဇာတ်ပို့တေးဂီတ၊ ဇာတ်စင်ညွှန်ကြားမှုနှင့် ဇာတ်ညွှန်းရေးပညာ၊ မြန်မာ့ရိုးရာဇာတ်ကြီးပညာ၊ မြန်မာ့ရိုးရာရုပ်သေးပညာဘာသာရပ်များကို သင်ကြားပေးနေသည်။

**ပန်းချီပညာဌာနမှ** ပန်းချီအနုပညာသမိုင်း၊ ရသခံစားမှုပညာ၊ အခြေခံပုံဆွဲပညာ၊ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပန်းချီနည်းပညာ၊ ဒီဇိုင်းပညာ၊ မြန်မာ့ရိုးရာပန်းချီ၊ ရသပန်းချီများကို သင်ကြားပေးနေသည်။ **ပန်းပုပညာဌာနမှ** ပန်းပုပညာသမိုင်း၊ ပန်းပုနည်းပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ခန္ဓာဗေဒ၊ အခြေခံပုံဆွဲပညာ၊ ပုံဖော်နည်းပညာ၊ ခေတ်ပြိုင်ပန်းပုဘာသာရပ်များကို သင်ကြားပေးနေသည်။ **ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ** ဇာတ်ညွှန်းပညာ၊ စီစဉ်ညွှန်ကြားမှု (ဒါရိုက်တာ) ပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာ၊ ပြဇာတ်ပညာ၊ ရုပ်ရှင်သမိုင်းနှင့် ရသပညာဘာသာရပ်များကို သင်ကြားပေးနေသည်။ **စာပေပညာဌာနမှ** မြန်မာစာ၊ အင်္ဂလိပ်စာ၊ မြန်မာ့ယဉ်ကျေးမှုသမိုင်းတို့ကို သင်ကြားပေးလျက်ရှိသည်။ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်မှ စတင်ကာ အထက်ပါ အနုပညာဘာသာရပ်အလိုက် ပါရဂူတန်းများကို စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်းမှာပင် **ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာကို** ထပ်မံတိုးချဲ့ဖွင့်စည်းကာ သင်ကြားပေးတော့မည်ဖြစ်ပါသည်။

သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပညာသင်နှစ်ကာလ လေးနှစ်ပြီးဆုံးလျှင် ဝိဇ္ဇာဘွဲ့ချီးမြှင့်အပ်နှင်းပြီး အရည်အချင်းပြည့်မီသူများကို နောက်ထပ်ပညာသင်နှစ် နှစ်နှစ်တက်ရောက်စေကာ မဟာဝိဇ္ဇာဘွဲ့များ ချီးမြှင့်အပ်နှင်းပါသည်။ ဆက်လက်၍ ပါရဂူဘွဲ့များလည်း ချီးမြှင့်အပ်နှင်းနိုင်တော့မည် ဖြစ်သည်။ ယင်းအပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် ဘွဲ့လွန်ပြတိုက်ဒီပလိုမာ၊ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာ၊ ဘွဲ့လွန်ပြက္ခဒိန်ပညာဒီပလိုမာ၊ ဘွဲ့လွန်နှင့် ဘွဲ့ကြိုအသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ၊ ဘွဲ့လွန်နှင့် ဘွဲ့ကြိုအနုပညာ ဒီပလိုမာသင်တန်းများကိုလည်း သင်ကြားလေ့ကျင့်ပေးပြီး ဒီပလိုမာအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

**ပုလဲရတုသုတေသနစာတမ်းဖတ်ပွဲ**

တက္ကသိုလ်၏အသက်သည် သုတေသနဖြစ်ပြီး သုတေသနဖက်မှ တက္ကသိုလ်အသက်ရှည်သည်ဟု ပညာရှင်များက မိန့်ဆိုခဲ့ကြသည်။ ပညာရပ်နယ်ပယ်အသီးသီးမှ ဘာသာရပ်တစ်ခုချင်းစီကို ခြေခြေမြစ်မြစ်သိရှိစေရန် စူးစမ်းလေ့လာခြင်း၊ အကြားအမြင်ဗဟုသုတ ပိုမိုရှာမှီးဆည်းပူးခြင်း၊ အသိသစ်၊ အမြင်သစ်များ ရှာဖွေလေ့လာတင်ပြခြင်းတို့မှာ သုတေသနလုပ်ငန်းအခြေခံများပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် မဟာဝိဇ္ဇာဘွဲ့ယူသုတေသနကျမ်းနှင့် ဝိဇ္ဇာဘွဲ့သုတေသနစာတမ်းများကို ကျောင်းသားများက နှစ်စဉ်တင်သွင်းကြရသည်။ ဆရာ ဆရာမများကလည်း သုတေသနစာတမ်းများ နှစ်စဉ်ဖတ်ကြားတင်သွင်းကြရသည်။

ယခုပုလဲရတုသဘင် အခမ်းအနားတွင်လည်း တက္ကသိုလ်အတွက် အရေးပါအရာရောက်သော သုတေသနလုပ်ငန်းကို အားပေးမြှင့်တင်ရန်၊ ပညာရပ်နယ်ပယ် ဘာသာရပ်အသီးသီးမှ သင်ကြားလေ့ကျင့်ရေး အတွေ့အကြုံများကို မျှဝေရန်၊ သင်ကြားရေးအထောက်အကူပြု အသုံးချသုတေသနစာတမ်းကောင်းများ ပေါ်ထွက်လာစေရန် ပုလဲရတု သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြင်ပပညာရှင်နှင့် ဆရာ ဆရာမ ၁၄ ဦးတို့က သုတေသနစာတမ်း ၁၄ စောင် ဖတ်ကြားခဲ့သည်။ ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ ထိန်းသိမ်းရေးနှင့် ဆန်းသစ်တီထွင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ကရင်၊ မွန်၊ ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာအနုပညာဂီတ၊ အကများအကြောင်းပါ ဖတ်ကြားတင်ပြခဲ့သဖြင့် တိုင်းရင်းသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်သည့် စာတမ်းဖတ်ပွဲဖြစ်ပါသည်။

**လှပပြည့်စုံ တက္ကသိုလ်ပရိဝုဏ်**

တက္ကသိုလ် နှစ် ၃၀ ခရီးတွင် ကျောင်း၏ဥပဓိရုပ်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုသစ်လွင်တောက်ပလာသည်။ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်အဝင်၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆) ရပ်ကွက်ရှိ မြေဧရိယာ ၅၂ ဒသမ ၀၇၂ ဧကပေါ်တွင် စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းမန်များ၊ အရွက်ဖားဖား ပင်စည်မြင့်မြင့်မားမားဖြင့် ကျွန်းစိုက်ခင်း၊ သရက်စိုက်ခင်းများ၊ လမ်းအချိုးအကွေ့များ၌ လှပသောပန်းပုရုပ်တုများ၊ ခံ့ညားသော ရုပ်ရှင်စတူဒီယိုကြီးနှင့်




တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ပတ္တလားတီးပညာတင်ဆက်မှု အစီအစဉ်တစ်ခု။

ကုမုဒြာဇာတ်ရုံ၊ ကုမုဒြာဆောင်၊ ကံ့ကော်ဆောင်၊ သဇင်ဆောင် စသည့် သုံးထပ်စာသင် ကျောင်းဆောင်ကြီးများ၊ စွယ်တော်ဆောင်၊ သရဖီဆောင်တို့မှ စီမံခန့်ခွဲရေးရုံးများ၊ စာကြည့်တိုက်၊ အနုပညာခန်းမများ၊ ကျောင်းသားကျောင်းသူများအဆောင်၊ ဝန်ထမ်းအိမ်ရာဆောင်များ၊ အားကစား (ဘောလုံးကွင်း) တို့ဖြင့် တက္ကသိုလ်၏ ဂုဏ်အင်္ဂါနှင့်အညီ စိမ်းစိမ်းစိုစို ခံ့ခံ့ညားညားတည်လျက်ရှိ၏။ ယခု ပုလဲရတုသဘင် အခါသမယတွင် တက္ကသိုလ်ဓမ္မာရုံသစ်ကြီးကို ထပ်မံတိုးချဲ့တည်ဆောက် ဖွင့်လှစ်လိုက်ပြန်ရာ တက္ကသိုလ်၏ အလှူအတန်း အခမ်းအနားများ၊ ဓမ္မသဘင်ဆင်ယင်မှုများတွင် ပိုမို၍ထူးမြတ်စွာ ကုသိုလ်ဒါနပြုနိုင်ကြတော့မည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၏ နှစ် ၃၀ ခရီးတွင် တက္ကသိုလ်၏ ကျွမ်းကျင်ပညာရှင်များအဖြစ်လည်းကောင်း၊ ဌေ့ပါမောက္ခများအဖြစ်လည်းကောင်း၊ တက္ကသိုလ်ပညာရေးကောင်စီ အဖွဲ့ဝင်များအဖြစ်လည်းကောင်း တက်တက်ကြွကြွ လက်တွဲပါဝင် ဆောင်ရွက်ခဲ့ကြသည့် ပြင်ပအနုပညာရှင်၊ အတတ်ပညာရှင်ကြီးများကို အမိတက္ကသိုလ်က မမေ့မလျော့ ဦးထိပ်ထားလျက် **မြတ်ဆရာပူဇော်ကန်တော့ပွဲ**ကိုလည်း ကျင်းပခဲ့ပါသည်။ ကတညုတာ-ကတဝေဒီ မင်္ဂလာတရားတော်နှင့်အညီ ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်းများဖြင့် ဂါရဝ၊ နိဝါတပြုခဲ့ကြပါသည်။

ထို့ပြင် စွယ်တော်ဆောင်တွင် တက္ကသိုလ်မော်ကွန်းတိုက် ဖွင့်ပွဲကိုပါ ကျင်းပနိုင်ခဲ့သည်ဖြစ်ရာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးတို့နှင့် စပ်လျဉ်းသည့် တက္ကသိုလ်က လက်ခံရရှိထားသော စာရွက်စာတမ်းများ၊ လက်ရေးမူများ၊ အမိန့်ကြေညာချက်များ၊ Print Mediaနှင့် Electronic Mediaတို့မှ အရုပ်၊ အသံမှတ်တမ်းများကို နေရာတကျ၊ စနစ်တကျ၊ နှစ်ကာလကြာရှည်စွာ ထိန်းသိမ်းမှတ်တမ်းတင်ထားနိုင်မည်ဖြစ်သည်။ Art Gallery အနုပညာပြခန်း ဖွင့်လှစ်ပေးခဲ့သဖြင့် အမိတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် ပညာရှင်များ၏ ပန်းချီ၊ ပန်းပုလက်ရာအဟောင်း၊ အသစ်များကို တစုတဝေးတည်း လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

**ကျောင်းဆင်းဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲ**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ဂုဏ်ထူးဝိသေသတစ်ခုမှာ ဘွဲ့နှင်းသဘင်မကျင်းပမီ ပန်းချီ၊ ပန်းပု ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင်တင်ဆက်ပွဲကို ဘွဲ့ယူမည့် ကျောင်းသားကျောင်းသူများက စွမ်းရည်ပြတင်ဆက်ကြခြင်းဖြစ်ပါသည်။ နိုင်ငံတော်အဆင့် အမျိုးသားဇာတ်ရုံကြီးတွင် ပြင်ပအနုပညာရှင်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနယ်နယ်အရပ်ရပ်မှ ကျောင်းသားမိဘဆွေမျိုးများ၊ အနုပညာချစ်မြတ်နိုးသူများ တက်ရောက်လာကြသည်ဖြစ်ရာ မိမိတို့ကျောင်းတော်ကြီး၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် တတ်မြောက်မှုစွမ်းရည်ကို အများပြည်သူ အကဲဖြတ်နိုင်ရန် ပြသသည့်ပွဲကြီးဖြစ်သည်။ ကျောင်းဆင်းတော့မည့် အနုပညာရှင်မျိုးဆက်များ၏ ယုံကြည်ရဲရင့်ပွဲလယ်တင့်မှုကို ရင်သပ်ရှုမော မျက်ဝါးထင်ထင် ကြည့်မြင်ခံစားရမည့် ပွဲကြီးလည်းဖြစ်ပါသည်။ ပုလဲရတုကာလအတွင်း၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ ကျောင်းဆင်းစွမ်းရည်ပြတင်ဆက်ပွဲ ၂၆ ကြိမ် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

**ဘွဲ့အပ်နှင်းခြင်း**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၏ နှစ် ၃၀ ပြည့် ပုလဲရတုကာလအတွင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အထိ ဘွဲ့နှင်းသဘင် ၂၃ ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဝိဇ္ဇာဘွဲ့ ၂၅၂၁ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၃၈၄ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၅၂ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၃၂၇ ဦး၊ အနုပညာ ကွန်ပျူတာဒီပလိုမာဘွဲ့ ၂၇၁၄ ဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ၅၉ ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ ၁၅ ဦး၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၁၁ ဦးတို့ကို ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့သည်။

ထို့ပြင် တက္ကသိုလ်ဆရာ ဆရာမများ အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ နိုင်ငံတကာတက္ကသိုလ်များသို့ ပညာသင်စေလွှတ်ခဲ့ရာ အနုပညာဆိုင်ရာ ပါရဂူဘွဲ့ နှစ်ဦး၊ အနုပညာဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ ၁၄ ဦး ရရှိခဲ့ကြပြီးဖြစ်သည်။

ထိုင်းနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ အမျိုးသားအနုပညာတက္ကသိုလ်များနှင့် သင်ကြားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးကာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရင်း အမိတက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**အနုပညာတက္ကသိုလ်သို့ တက်ရောက်သင်ကြားလိုပါလျှင်**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ၊ အနုပညာဝါသနာပါသူများ တက်ရောက်သင်ကြားနိုင်ပါသည်။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် ပထမနှစ်ဝင်ခွင့်လျှောက်လွှာများကို နိုင်ငံပိုင်သတင်းစာများမှ နှစ်စဉ် ဇူလိုင်လဆန်းတွင် ကြေညာပေးပါသည်။ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်၊ ရွေးချယ်သင်ကြားနိုင်မည့် ဘာသာရပ်များ၊ အရည်အချင်းစစ် လူတွေ့စစ်ဆေးမှု၊ ဆက်သွယ်ရမည့် တက္ကသိုလ်တည်ရာ လိပ်စာနှင့် အချက်အလက်များကို ကြေညာချက်တွင် အပြည့်အစုံဖော်ပြထားပြီးဖြစ်သည်။ အောက်တိုဘာလကုန်တွင် လူတွေ့စစ်ဆေးရွေးချယ်ပြီးနောက် တက္ကသိုလ်ပညာသင်နှစ် တစ်နှစ်၏ အစ နိုဝင်ဘာလ ပထမပတ်တွင် စတင်တက်ရောက်သင်ကြားနိုင်ပြီ ဖြစ်ပါသည်။

အချုပ်အားဖြင့် အမိတက္ကသိုလ်ဖြတ်သန်းလာရသော ခရီးရှည်သည် ပန်းမွှေ့ရာ ရွှေကော်ဇောခင်းထားသည့် သဖွယ် ချောမွေ့လှသည်ဟု မဆိုသာချေ။ လမ်းသစ်ဖောက်၍ လမ်းကောင်းကို လျှောက်ကြရာဝယ် အခက်အခဲများ ကြုံရတတ်သည်ချည်း ဖြစ်သည်။ လောကဓံလှိုင်းဂယက်တို့ကိုလည်း ကြုံရမြဲဖြစ်သည်။

နိုင်ငံတော်၏ အားပေးကူညီထောက်ပံ့မှု၊ ပြင်ပအနုပညာရှင်ကြီးများ၏ လက်တွဲပါဝင်ဆောင်ရွက်မှု၊ တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ အမှုထမ်း၊ အရာထမ်းများ၏ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုတို့ကြောင့် အောင်မြင်မှုများရရှိလာခဲ့ခြင်းဖြစ်ပါသည်။ တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးနှင့် ထွန်းကားပြန့်ပွားရေးဟူသော လမ်းကြောင်းမှန်ပေါ်တွင် မျိုးဆက်သစ်အနုပညာရှင်များကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးရင်း တိုင်းကျိုးပြည်ဆောင် နိုင်ငံတည်ဆောက်ရေးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်နေကြမည်ဖြစ်ပါသည်။ အနာဂတ်တွင် ယဉ်ကျေးသောစိတ်ဖြင့် ချမ်းသာခြင်းကို ဆောင်ကြပေအံ့ဟု...။ ။

✻ **ပညာရပ်နယ်ပယ်အသီးသီးမှ ဘာသာရပ်တစ်ခုချင်းစီကို ခြေခြေမြစ်မြစ်သိရှိစေရန် စူးစမ်းလေ့လာခြင်း၊ အကြားအမြင်ဗဟုသုတ ပိုမိုရှာမှီး ဆည်းပူးခြင်း၊ အသိသစ်၊ အမြင်သစ်များ ရှာဖွေလေ့လာတင်ပြခြင်းတို့မှာ သုတေသနလုပ်ငန်းအခြေခံများပင် ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် မဟာဝိဇ္ဇာဘွဲ့ယူ သုတေသနကျမ်းနှင့် ဝိဇ္ဇာဘွဲ့ သုတေသနစာတမ်းများကို ကျောင်းသားများက နှစ်စဉ်တင်သွင်းကြရသည်။ ဆရာ ဆရာမများကလည်း သုတေသနစာတမ်းများ နှစ်စဉ်ဖတ်ကြားတင်သွင်းကြရသည်**



## ရန်ကုန်တိုင်းဒေသကြီးရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် ဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် (၇၈) ရပ်ကွက် အောင်ချမ်းသာ ပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်တွင် သံဃာတော်များ၊ စာချသံဃာတော်များနှင့် စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ယနေ့နံနက်ပိုင်းက ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

## အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ တောင်ကိုရီးယားကို မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပနေသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို စက်တင်ဘာ ၂၂ ရက်က စတင်ကျင်းပရာ မြန်မာအသင်းသည် အာရှထိပ်သီး တောင်ကိုရီးယားအသင်းကို သုံးဂိုးပြတ်အရေးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းတွင် အမာခံကစားသမားအချို့ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်သဖြင့် စီနီယာကစားသမားအချို့ကို လူငယ်ကစားသမားများနှင့် တွဲဖက်ကာ မျိုးမြမြငြိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ မိုးမမစိုး၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ခင်မိုမိုထွန်း၊ ပုံ့ပုံ့ပြည့်မောင်၊ စန်းသော်သော်၊ ဂျူလိုင်ကျော်၊ ဝင်းသီဂီထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပေးဂိုးနည်းစေရန် ခံစစ်အားပြုကစားခဲ့ပြီး တောင်ကိုရီးယားတိုက်စစ်ကို အဆင့်ဆင့်ဖျက်ထုတ်ခဲ့သည်။ သို့သော် ၂၄၊ ၅၈၊ ၆၈ မိနစ်တွင် ဂိုးများပေးခဲ့ရသဖြင့် မြန်မာအသင်း အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (E) တွင် တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဟောင်ကောင်တို့နှင့် ပါဝင်နေပြီး အုပ်စုဒုတိယပွဲအဖြစ် စက်တင်ဘာ ၂၅ ရက်တွင် ဟောင်ကောင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**





## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၈ ဒသမ ၅၁ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water) ၁၈ ဒသမ ၅၁ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် သန်းစိန်(ခ)အားဝေ မောင်းနှင်ပြီး အောင်ကျော်ဦး(ခ)အယောင်း လိုက်ပါလာသည့် Toyota Hilux Revo မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး(Happy Water) ၁၄ ဒသမ ၉၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ ယင်းနေ့ ည ၇ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဆွတ်ဆိုင်ကျေးရွာတွင် စိုင်းစမ်ငင်း၊ စိုင်းကျန်နှင့် ဆီနွန်းတို့သုံးဦးကို မော်တော်ဆိုင်ကယ် နှစ်စီး၊ စိတ်ပြောင်းဆေးဝါး(Happy Water) ၃ ဒသမ ၆ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိစိတ်ပြောင်းဆေးဝါး(Happy Water) ၁၈ ဒသမ ၅၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး **(အပေါ်ပုံ)** ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အလားတူ လူငယ်များအား အန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါး (Happy Water) များ ဖြန့်ဖြူးရောင်းချခြင်းများကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့များနှင့် သတင်းပြန်ကြားရေးအဖွဲ့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့များ ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့သို့ ဝူရှူး၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သတင်းပြန်ကြားရေးအဖွဲ့ထွက်ခွာသွားသည်။

အဆိုပါပြိုင်ပွဲတွင် ဝူရှူးအမျိုးသမီးအားကစားသမားများသည် ချန်းစု+ကျန့်စုပြိုင်ပွဲ၊ နန်းချွမ်+နန်းသောင်းပြိုင်ပွဲနှင့် ထိုက်ချီချွမ်+




ထိုက်ချီကျန့်ပြိုင်ပွဲများ၊ အမျိုးသားတွင် ထိုက်ချီချွမ်+ထိုက်ချီကျန့်ပြိုင်ပွဲများ၊ တိုက်ကွမ်ဒိုအားကစားသမားများသည် အတိုက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၉ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၀ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၉၀ ကျပ် | ၂၃၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၉၀ ကျပ် | ၂၄၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၃ | ၂၇၉၀၀ |
| MTSH | ၃၀၅၀ | ၃၀၀၀ | ၂၈၀၆ | ၈၄၁၃၀၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁ | ၇၅၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၆၂ | ၂၇၅၄၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၇ | ၁၆၈၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၄ | ၉၂၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၈ | ၃၉၂၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၂၀ | ၃၆၀၀၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော **ဒုတိယဦးစီးမှူး ၁၃ နေရာ** (လစာနှုန်း၊ ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနေဖြင့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ၃၁-၈-၂၀၂၃ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (င) ဝန်ထမ်းဖြစ်ပါက ၃၁-၈-၂၀၂၃ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဆ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဇ) အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များပါဝင်ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ (၃) ပုံ ( နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
- (ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၂၅-၉-၂၀၂၃ ရက်နေ့ (တနင်္လာနေ့)မှ စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၁၃-၁၀-၂၀၂၃ရက်နေ့ (သောကြာနေ့)နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများသို့လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသောလျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို လုံးဝ(လုံးဝ)ထည့်သွင်း လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ခွင့်ပြုထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ [ရုံးအမှတ်(၂၂)၊ နေပြည်တော်]၏ ကြော်ငြာသင်ပုန်းနှင့် ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာဘာသာရပ်မေးခွန်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (အခန်း ၁၊ ၂၊ ၈၊ ၉၊ ၁၀) ဘာသာရပ်မေးခွန်းတို့အား နေပြည်တော်စာစစ်ဌာနတွင် ၂၂-၁၀-၂၀၂၃ ရက်နေ့(တနင်္ဂနွေနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်အား တစ်ပါတည်းယူဆောင် လာရမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ၊ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များစသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့် အချိန်တို့ကို UEC Website ဖြစ်သော www.uec.gov.mm တွင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး [ရုံးအမှတ်(၂၂)၊ နေပြည်တော်]ဖုန်း-၀၆၇-၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/83253 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုပို ၇/ပခန(နိုင်)၃၈၇၅၃၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 11U/7334, Bajaj-200,T/W ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၈/ခမန(နိုင်)၀၀၆၂၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ပခုက္ကူ)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အောက်ဖော်ပြပါ အရေအတွက်အတိုင်း လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး ရာထူး ၁၂၆ နေရာ** (လစာနှုန်း၊ ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ) အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ယင်းတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ နီးစပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထား နိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | - | ၂၉ နေရာ |
| (ခ) | ကချင်ပြည်နယ် | - | ၂ နေရာ |
| (ဂ) | ကယားပြည်နယ် | - | ၆ နေရာ |
| (ဃ) | ကရင်ပြည်နယ် | - | ၁၇ နေရာ |
| (င) | ချင်းပြည်နယ် | - | ၂ နေရာ |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီး | - | ၁၀ နေရာ |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး | - | ၇ နေရာ |
| (ဇ) | ပဲခူးတိုင်းဒေသကြီး | - | ၆ နေရာ |
| (ဈ) | မန္တလေးတိုင်းဒေသကြီး | - | ၂ နေရာ |
| (ည) | မွန်ပြည်နယ် | - | ၂ နေရာ |
| (ဋ) | ရန်ကုန်တိုင်းဒေသကြီး | - | ၂၀ နေရာ |
| (ဌ) | ရှမ်းပြည်နယ် | - | ၂၀ နေရာ |
| (ဍ) | ဧရာဝတီတိုင်းဒေသကြီး | - | ၃ နေရာ |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ၃၁-၈-၂၀၂၃ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပါဝင်ရမည်-
- (က) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ရေးသားရန်)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
- (ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၂-၁၀-၂၀၂၃ ရက်နေ့ (တနင်္လာနေ့)မှ စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၂၀-၁၀-၂၀၂၃ ရက်နေ့ (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသောလျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့် မရှိပါ။

၆။ လျှောက်ထားသူများသည် အထွေထွေဗဟုသုတနှင့် ကွန်ပျူတာ ရေးဖြေ၊ လက်တွေ့ဘာသာရပ်တို့အား ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုရမည့်ရက်နှင့် လူတွေ့စစ်ဆေးခြင်းခံယူရမည့်ရက်တို့ကို လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှတစ်ဆင့် အကြောင်းကြားမည်ဖြစ်ပြီး အဆိုပါရုံးများတွင် သွားရောက်စုံစမ်းနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး [ ရုံးအမှတ်(၂၂)၊ နေပြည်တော်]ဖုန်း-၀၆၇-၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

